မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၇)

မေတ္တာမှန်

- ☆ မေတ္တာသည် ပါရမီဆယ်ပါးဝင် အထက်တန်းတရားမျိုးဖြစ်သည်။
- ☆ မေတ္တာမှန်အနက်မှာ-အပြစ်ကင်းစင်ပြီး ငြိမ်းချမ်းရေး၊ အေးချမ်းရေး၊ ညီညွတ်ရေး၊ ချစ်ခင်ကြည်ဖြူရေးသဘောကို ခြွင်းချက်မရှိ ဆောင်၏။
- ☆ မေတ္တာမှန်သည် ကျောသားရင်သားမခွဲခြားဘဲ ကြည်ဖြူချစ်ခင်ခြင်း အနှစ်သာရရှိ၏။
- ☆ မေတ္တာမှန်သည် ချမ်းမြေ့ကြည်နူးမှု ထုံမွှေး၍ မွှေးပျံ့စိုပြည်၏။

ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခြင်း

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က ကြေညာချက်အမှတ် (၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။
အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့

ကြေညာချက်အမှတ် ၁/၂၀၁၁

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းပြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရန်အတွက် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းတည်ဆောက်သွားရန် အထူးပင် လိုအပ်သည်ဟု ယုံကြည်ပါသည်။

၂။ လက်နက်ကိုင် ပဋိပက္ခများဖြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့် ပဏာမ ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

၃။ ပဏာမဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပြီးပါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမည့် အဖွဲ့အစည်းဖွဲ့စည်းပြီး သက်ဆိုင်ရာ ငြိမ်းချမ်းရေးဖော်ဆောင်မည့် အဖွဲ့အစည်းနှင့် ဆွေးနွေးရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

အမိန့်အရ
(တင်မျိုးကြည်)
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပုဂ္ဂလိကလက်ခံစားလုပ်ငန်း (စီအမ်ပီ)စနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းမှ နိုင်ငံခြားငွေရရှိမှုအပေါ် ပေးဆောင်စေသည့်ဝင်ငွေခွန်ကို လျှော့ပေါ့သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ဝန်ကြီးရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁၅၆/၂၀၁၁
နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၄ တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၁)မှ သဘောတူခွင့်ပြုချက်အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၅-၆-၂၀၀၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၃/၂၀၀၆ ၏ အပိုဒ် ၄ တွင် ထုတ်ပြန်ပြဋ္ဌာန်းချက်အရ ပုဂ္ဂလိကလက်ခံစားလုပ်ငန်း (စီအမ်ပီ) စနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းမှ နိုင်ငံခြားငွေရရှိမှုအပေါ် ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ပေးဆောင်စေသည့် ဝင်ငွေခွန်ကို ၁၀ ရာခိုင်နှုန်းအစား ၂ ရာခိုင်နှုန်းသို့ လျှော့ပေါ့သတ်မှတ်လိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ထိ (၆)လ အကျိုးသက်ရောက်စေရမည်။

(လှထွန်း)
ပြည်ထောင်စုဝန်ကြီး

ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်ပနေနိုင်ငံသားများ နိုင်ငံခြားငွေဖြင့်ရရှိသည့် ဝင်ငွေအပေါ် ပေးဆောင်စေသည့်ဝင်ငွေခွန်ကို လျှော့ပေါ့သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ဝန်ကြီးရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁၅၇/၂၀၁၁
နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၄ တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၁)မှ သဘောတူခွင့်ပြုချက်အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၅-၆-၂၀၀၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၄/၂၀၀၆၏ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ် ၃တို့တွင် ထုတ်ပြန်ပြဋ္ဌာန်းချက်များအရ ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်ပနေနိုင်ငံသားများက နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာခေါင်းစဉ်မှ ဝင်ငွေစုစုပေါင်းအပေါ် ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ပေးဆောင်စေသည့် ဝင်ငွေခွန်ကို ၁၀ ရာခိုင်နှုန်းအစား ၂ ရာခိုင်နှုန်းသို့ လျှော့ပေါ့သတ်မှတ်လိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ထိ (၆)လ အကျိုးသက်ရောက်စေရမည်။

(လှထွန်း)
ပြည်ထောင်စုဝန်ကြီး

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ



သိပ္ပံနည်းကျ စိုက်နည်းစနစ် ထွန်းတပင်၌ ပညာပေးဆွေးနွေး။ စာ ➤ ၂

အင်ဒိုနီးရှားမှ လိုကွန်မီးတောင်ပေါက်ကွဲ။ စာ ➤ ၄



အာတိတ်ရေခဲပြင် လျင်မြန်စွာ အရည်ပျော်ကျ၊ ပင်လယ်ဖျံကြီးမျိုးများ ကုန်းတွင်းသို့ ပြောင်းရွှေ့လာ။ စာ ➤ ၄

အဆိုတော် တေလာဆွစ်နှင့် ဆီလီနာဂိုမက်ဇ် Teen Choice ဆုများ ဆွတ်ခူးခဲ့ကြ။ စာ ➤ ၁၀

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၁၉ ရက်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက်

ရာစုနှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှုများကိုကြည့်လျှင် ခံ့ညားထည်ဝါလှပသိမ်မွေ့ခြင်း၊ နိုင်ငံ့ဂုဏ်ရည်နှင့် အမျိုးသားရေးစိတ်ဓာတ်မြင့်မားခြင်း စသည့်ပုံရိပ်များထင်ဟပ်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ကမ္ဘာ့ယဉ်ကျေးမှုများ၏ ဖြစ်ပေါ်တိုးတက်မှုသမိုင်းနှင့် နှိုင်းယှဉ်လျှင် မြန်မာ့ယဉ်ကျေးမှုသည် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာဆန်သော အမျိုးသားရေး ယဉ်ကျေးမှုလက္ခဏာတို့ကို ဖော်ဆောင်နိုင်လျက်ရှိသည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ပန်းချီများ၊ ပန်းပုများသည် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ကြပြီး အဆို၊ အက၊ အရေး၊ အတီးကဲ့သို့သော သုခုမ အနုပညာရပ်များသည် ရုပ်ပိုင်းမဟုတ်သော ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် တင်စားကြရမည်ဖြစ်သည်။

နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အသွင်သဏ္ဌာန်သာမက အနှစ်သာရရှိသော ဦးတည်ချက် (၅)ရပ်ဖြစ်သည့် တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များပေါ်ထွန်းရေး၊အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် အနုသုခုမ ဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေးစသည့် ဦးတည်ချက်များနှင့် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးလုပ်ငန်းသည် နိုင်ငံတော်အဆင့်၊ အမျိုးသားရေးအဆင့်လုပ်ငန်းဖြစ်၍ ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ဆပ်ကော်မတီများအလိုက် ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်သည်။

တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုဓလေ့စရိုက်များသည် အသွင်သဏ္ဌာန်အားဖြင့် ကွဲပြားသော်လည်း အနှစ်သာရအားဖြင့် အခြေခံတူညီကြသည်ဖြစ်ရာ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားကာ အမျိုးသားရေးအသိပြည့်ဝစွာထားရှိပြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့ကျရာကဏ္ဍက တက်တက်ကြွကြွ၊ စည်းစည်းလုံးလုံးဖြင့် ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအား အာရှဖွံ့ဖြိုးရေးဘဏ်မှ အမှုဆောင်ဒါရိုက်တာ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းအား အာရှဖွံ့ဖြိုးရေးဘဏ်မှ အမှုဆောင်ဒါရိုက်တာ Mr. Chaiyuth Sudthitanakorn သည် ဩဂုတ် ၁၇ ရက်မွန်းလွဲပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ဩဂုတ် ၆ ရက်က ကျင်းပသော ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလွင်က ဂုဏ်ထူးရ ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

အခွန်ပညာပေးဆွေးနွေးပွဲ ပြည်မြို့နယ်၌ ကျင်းပ

ပြည် ဩဂုတ် ၁၈

ပြည်တွင်း ထုတ်ကုန်ပစ္စည်းများတွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရေး အခွန်ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၃ရက်က ပြည်ခရိုင် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ကျင်းပရာ ခရိုင်အခွန်ဦးစီးဌာနမှူး ဦးကျော်ကျော်လတ် **(ယာပုံ)**က အခွန်ပညာပေးရှင်းလင်းဆွေးနွေးပြီး မြို့နယ်အခွန်ရုံးမှ ဦးစီးအရာရှိ ဦးဟန်မြင့်နှင့်အဖွဲ့က အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့်နေရာများနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပုံများကို သရုပ်ပြရှင်းလင်းကြသည်။ ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် အခွန်)**

သိပ္ပံနည်းကျ စိုက်နည်းစနစ် ထန်းတပင်၌ ပညာပေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပန်းတိုင်ကျေးရွာအုပ်စုတွင် သိပ္ပံနည်းကျပေါင်ပျိုးစနစ်ဖြင့် စနစ်တကျပျိုးထောင်၍စိုက်ပျိုးထားသည့် အထူးအထွက်တိုးစပါးမျိုး သုံးကေစံပြစိုက်ခင်း၌ ပျိုးပင်များဖြစ်ထွန်းအောင်မြင်နေမှုနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများအား လက်တွေ့ပြသပညာပေး ဆွေးနွေးပွဲကို ဩဂုတ် ၁၆ ရက် နံနက်က ကျင်းပသည်။

ပညာပေးဆွေးနွေးပွဲတွင် ဒုတိယတိုင်းဒေသကြီးမန်နေဂျာ ဦးသိန်းလွင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် မန်နေဂျာ ဦးမြင့်လွင်တို့က စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက် (၅)ရပ်နှင့် စပါးတစ်ဧကတင်း ၁၀၀ နှုန်းအထက် ထွက်ရှိရန်လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်တို့ကို အသေးစိတ် ရှင်းလင်းဆွေးနွေးကြပြီးနောက် တက်ရောက်လာကြသူများက သိပ္ပံနည်းကျပျိုးထောင်စိုက်ပျိုးထားသည့် အထူးအထွက်တိုးစပါးမျိုးများ၏ အပင်များပွားစည်းမှုအခြေအနေများကို လက်တွေ့လေ့လာခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ)(ခရိုင် ပြန်/ဆက်)

ပညာပေးဟောပြော

ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်း ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ကျင်းပရာ သဃ်န်းကျွန်းမြို့နယ် ကျောင်းကျန်းမာရေး လက်ထောက်ဆရာဝန် ဒေါက်တာခင်အိအိဆွေ ပညာပေးဟောပြောစဉ်။

(ဝ၂၅)

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ၁၉၈၆-၂၀၀၉ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဩဂုတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ(ရန်ကုန်တက္ကသိုလ်)၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများနှင့် ယခုသင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြရန်နှင့်အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ကိုသိန်းဇော် ဖုန်း-၀၉-၂၂၁၅၉၆၈၊ ကိုသက်ထွန်းခိုင် ဖုန်း-၀၁-၅၀၃၉၄၄၁၊ ကိုနေလင်းဇင် ဖုန်း-၀၉-၅၁၄၈၈၃၉၊ ကိုရဲဝင့်ထူး ဖုန်း-၀၉-၅၀၀၃၇၀၀နှင့်မအိသိင်္ဂီ ဖုန်း-၀၉-၈၆၀၀၀၀၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စဉ့်ကိုင်၌ ဟောပြောပွဲ ကျင်းပ

စဉ့်ကိုင် ဩဂုတ် ၁၈

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်တွင် ကျေးလက်ဒေသ ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ ကျေးလက်ဒေသ တစ်ပိုင်တစ်နိုင်မွေးမြူရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၇ နာရီက မြို့နယ်အတွင်းရှိ ရဲစုကျေးရွာနှင့် ညောင်ဝန်ကုန်းကျေးရွာတို့တွင် ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဒေါ်အေးကြည်နှင့် ဝန်ထမ်းများက တိရစ္ဆာန်ကူးစက်ရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောခဲ့ပြီးနောက် တိုင်းရင်းကြက်များအား အပူဒဏ်ခံကြက်လည်လိမ် မျက်စဉ်းဆေးများ ခတ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုင်းပန်၌ ကျောက်ချောလမ်းခင်း

မိုင်းပန် ဩဂုတ် ၁၈

မိုင်းပန်မြို့အတွင်းနှင့် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးအတွက် နှင်းဆီကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဆန်းတို့ လုပ်ငန်းပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အထူးအထွက်တိုးမိုးစပါး စိုက်ပျိုးကြမည့် ဒက္ခိဏသီရိမြို့နယ် ကျေးရွာများမှ တောင်သူဦးကြီးများအား ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနှင့် သွင်းအားစုဓာတ်မြေဩဇာ ထောက်ပံ့ခြင်းအခမ်းအနားသို့ တက်ရောက် အားပေးစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း မြစ်ကြီးနားမြို့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်စည်ပင်သာယာရေး အဖွဲ့မှ တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ဌာန
(က)	ဒေါက်တာဇော်မင်းအောင်	ညွှန်ကြားရေးမှူးချုပ် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(ခ)	ဒေါက်တာမီမီသက်သွင်	ပါမောက္ခချုပ် မန္တလေးကွန်ပျူတာတက္ကသိုလ် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

တောင်သူများတွက်ခြေကိုက်မည့်မျိုးများ ပြောင်းလဲအသုံးပြု သိပ္ပံနည်းကျစိုက်နည်းစနစ်များ လေ့ကျင့်ပညာပေး

နေပြည်တော် ဩဂုတ် ၁၈

တောင်သူများ တွက်ခြေကိုက်မည့် မျိုးများ ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် မျိုးစေ့များထုတ်လုပ်ပေးခြင်းအပါအဝင် သိပ္ပံနည်းကျစိုက်နည်းစနစ်များ လေ့ကျင့်ပညာပေးခြင်း၊ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးအတွက် စက်များ အရစ်ကျစနစ်ဖြင့် တောင်သူများ လက်ဝယ်အရောက် ရောင်းချပေးနေခြင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးခြင်း၊ ခေတ်မီစက်ကိရိယာများဖြင့် ကေကွက်များ ပြုပြင်အကောင်အထည်ဖော်နေခြင်းကို ကျေးရွာတစ်ရွာချင်းမှသည် ဒက္ခိဏသီရိမြို့နယ် တစ်မြို့နယ်လုံး ပျံ့နှံ့အောင် တက်ကြွနိုးကြားစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဩဂုတ် ၁၇ ရက် ညနေပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး တောင်သူပညာပေး သိပ္ပံနည်းကျကေ ၄၀ စိုက်ခင်း၌ ကျင်းပသည့် အထူးအထွက်တိုး မိုးစပါး ၅၃ဧက စိုက်ပျိုးကြမည့် ဒက္ခိဏသီရိမြို့နယ် ကျေးရွာများမှ တောင်သူဦးကြီးများအား ထောက်ပံ့ကြေးငွေကျပ် ၅၃ သိန်းပေးအပ်ခြင်းနှင့် သွင်းအားစုဓာတ်မြေဩဇာ ၅၃ အိတ် ထောက်ပံ့ခြင်း အခမ်းအနား၌ ဆွေးနွေးပြောကြားခဲ့သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဆင်းရွှေလီ လယ်ယာ အထူးပြုစိုက်ပျိုးရေး ကုမ္ပဏီဒါရိုက်တာ ဦးစိုးဝင်းနှင့် ဒါရိုက်တာ ဦးသန့်စင်လှိုင်တို့က လယ်တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၅၃ သိန်းကိုလည်းကောင်း၊ မြန်မာ့ဩဘာ လုပ်ငန်းစုဥက္ကဋ္ဌ ဦးသတိုးဟိန်းက လယ်တစ်ဧကလျှင် ကွန်ပေါင်းဓာတ်မြေဩဇာ တစ်အိတ်နှုန်းဖြင့် စုစုပေါင်း ၅၃ အိတ်ကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော အထူးအထွက်တိုး စပါးစိုက်ခင်းများကို ကြည့်ရှုလေ့လာပြီး ခေတ်မီစက်ယန္တရားကြီး ငါးစီးဖြင့် စက်မှုလယ်ယာစနစ် မြေယာပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ ကျော်ဖုံးမှ

ရောက်ရှိနေခြင်းရှိ/မရှိ စုံစမ်းကယ်ဆယ်ရေး ဆောင်ရွက်ရန် တပ်မတော်(ရေ) စစ်ရေယာဉ်များသို့ သတင်းချပြ ရှာဖွေစေခဲ့ကြောင်း၊ ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် စက်ပျက်၍ မျောနေသော အဆိုပါရေယာဉ်အား ရှာဖွေတွေ့ရှိခဲ့သဖြင့် သံတွဲမြို့ သပြုချိုင်ဆိပ်ကမ်းသို့တွဲဆွဲပြီး ကယ်ဆယ်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ သပြုချိုင်ဆိပ်ကမ်းတွင် နယ်မြေခံရေတပ်နှင့် ဒေသဆိုင်ရာအာဏာပိုင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက သွားရောက်ကြည့်ရှုအားပေးပြီး ရေလုပ်သား ၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေလုပ်သားများအား သက်ဆိုင်ရာသံရုံးမှ တစ်ဆင့် ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၇ ရက်က မြစ်ကြီးနားမြို့နယ် သီတာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြစ်ကြီးနားခရိုင်ဦးစီးဌာနမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဦးသန့်ဇင်ကိုကိုက မြစ်ကြီးနားမြို့နယ်အတွင်း ရပ်ကွက်များရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (မြန်မာ့အလင်း)

ရေနစ်မြုပ်လယ်ဧကများအတွက် တောင်သူများသို့ မျိုးစပါးဖိုးပေးအပ်ပွဲ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်၍ ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဩဂုတ် ၁၈

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဩဂုတ် ၁၂ ရက် ညနေ ၃ နာရီတွင် ရမ်းဗြဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ မြို့မီးလင်းရေး၊ မြို့ရေပေးဝေရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပေးအပ်

ဆက်လက်၍ ရမ်းဗြဲမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားကာ ဆေးဝါးကုသစရိတ်နှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် ရမ်းဗြဲမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး (ပေ ၃၀ × ပေ ၁၇၀)ရှိ RC နှစ်ထပ်ကျောင်းဆောင်သစ်အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပေးအပ်

ပြည်နယ်ဝန်ကြီးချုပ်သည် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် မအီ-ရန်ကုန် ကားလမ်းပိုင်းရှိ ပိန္နဲတောင်လမ်း စီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး မအီမြို့နယ်ခွဲဆေးရုံ၌ ခွဲစိတ်ခန်း၊ နေရောင်ခြည် လျှပ်စစ်စွမ်းအင်ဖြင့် အသုံးပြုသည့် ဆေးသိုလှောင်ခန်း၊ ဆေးဝါးကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြား၍ ဆေးဝါးကုသစရိတ် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ယင်းနောက် မအီမြို့နယ်ခွဲအုပ်ချုပ်ရေးမှူးရုံး၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး လမ်း၊ တံတားများ အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် ညနေပိုင်းတွင် တောင်ကုတ်မြို့သို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရေနစ်မြုပ်ပျက်စီးသော လယ်ဧကများအတွက် တောင်သူများသို့ မျိုးစပါးဖိုးထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် Gunkul Engineering Systems & Fresh Air Conditioning Systems ကုမ္ပဏီမှ သုဓမ္မမဏိဇောတဓရ ဦးဇေယျသူရမွန်နှင့် ဇနီး ဒေါ်ခိုင်ခိုင်မြင့်တို့က ရေဘေးဒုက္ခသည်များအတွက် လှူဒါန်းသည့် ပုဆိုးအထည် ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ဂူတာရပ်ကွက်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အခွန်အခများ စနစ်တကျကောက်ခံ အချိန်အတွယ်မှန်ကန်ရေး ကချင်ပြည်နယ်ဝန်ကြီးချုပ် မှာကြား

နေပြည်တော် ဩဂုတ် ၁၈

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ဩဂုတ် ၁၆ ရက် နံနက် ၉နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ ဦးဆောင်မှုနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရေး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ အခွန်အခများ စနစ်တကျကောက်ခံရေး၊ ပွင့်လင်းရာသီ၌ မြို့ပြနှင့်ကျေးလက်လမ်းများ ထပ်ပိုးလွှာခင်းရေး၊ ကတ္တရာလမ်းများ မိုးကာလဖြစ်၍ လမ်းပေါက်ဖာရေး၊ လမ်းဘေးဝဲ/ယာမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်စွန့်ပစ်ရေးစနစ်ကောင်းမွန်ရေး၊ စည်ပင်သာယာဈေးများ သန့်ရှင်းရေးနှင့် အလေးတင်းတောင်း အချိန်အတွယ် မှန်ကန်ရေးတို့ကို မှာကြားသည်။

မှာကြား

ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် မြစ်ကြီးနားမြို့နယ် တိုးချဲ့ရွှေပြည်သာမြို့ကွက်သစ်သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား မြို့ကွက်သစ် မြို့ပြမြေနေရာချထားမှုများ၊ မြို့မြေကွက်၌ လမ်းများဖောက်လုပ်မှု၊ လျှပ်စစ်မီးတိုင်များ စိုက်ထူမှုနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု၊ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ မှာကြားကာ နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြိုင်ပွဲဝင်များနှင့် ဒိုင်အဖွဲ့တို့အား ချက်ပြုတ်ဧည့်ခံကျွေးမွေးမည့်နေရာများ ဒုတိယဝန်ကြီး ဦးဌေးအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၈

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ဆပ်ကော်မတီ ဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်သည် ဩဂုတ် ၁၇ ရက် ညနေပိုင်းတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များနှင့် ဒိုင်အဖွဲ့များအား ချက်ပြုတ်ဧည့်ခံကျွေးမွေးမည့် နေရာများဖြစ်သော အမှတ် (၇) တည်းခိုရေးစခန်းနှင့် နေပြည်တော် ပျဉ်းမနား(ရေဆင်း) စိုက်ပျိုးရေးတက္ကသိုလ်ရှိ အဆောင်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တည်းခိုချက်ပြုတ်ဧည့်ခံကျွေးမွေးမည့် နေရာ၊ အဆောင်များအလိုက် ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်အောင်ဆောင်ရွက်ရန်၊ စနစ်တကျခင်းကျင်းပြင်ဆင်ရန်၊ လိုအပ်မည့်မီးဖိုချောင်သုံးပစ္စည်းများဖြစ်သည့် ပန်းကန်ခွက်ယောက်များ စုဆောင်းရရှိရေးကို လုပ်ငန်းစဉ်အလိုက် အချိန်ဇယားရေးဆွဲပြီး သတ်မှတ်ရက်အတွင်းပြီးစီးအောင် ဆောင်ရွက်ရန်စသည်ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးမြို့ အထက (၃) မြတ်ဆရာ ပူဇော်မည်

ရန်ကုန် ဩဂုတ် ၁၈

ပဲခူးမြို့ အထက (၃)တွင် နှစ်ပေါင်း ၂၅နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့သော အသက် ၆၅နှစ်နှင့်အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ရန်ကုန်မြို့နေ ကျောင်းသားဟောင်းများက စုပေါင်းဂါရဝပြုကြမည့် တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ရက် (စနေနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့(IBC)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြရန်နှင့် ဦးကိုကိုအောင် ဖုန်း-၀၉-၅၀-၇၁၀၇၁၊ ဒေါက်တာဝင်းမောင် ဖုန်း-၀၉-၈၀-၃၂၇၆၀၊ ဦးယဉ်ထွေးသက် ဖုန်း-၀၉-၅၀-၁၂၉၄၄၊ ဦးဖိုးကျား ဖုန်း-၀၉-၅၀-၁၀၃၁၂၊ ဦးသန်းလွင် ဖုန်း-၀၉-၇၃၀-၆၇၅၂၂၊ ဒေါက်တာအောင်ညွှန့်ဆန်း ဖုန်း ၀၉-၅၀-၂၂၄၅၃၊ ဒေါက်တာမီမီထွန်း ဖုန်း-၀၉-၄၉-၂၆၅၄၇၈၊ ဒေါ်ဝါဝါစိုး ဖုန်း-၀၉-၅၀-၀၆၅၆၁၊ ဒေါ်ညွှန့်ညွှန့်သီ ဖုန်း-၀၉-၄၉-၃၂၀၅၄၂၊ ဒေါ်မူမူထွန်း ဖုန်း-၀၉-၄၉-၃၃၃ ၇၆၇၊ ဒေါ်နီနီယဉ် ဖုန်း-၀၉-၅၀-၆၄၈၄၇၊ ဒေါ်သက်ဥမ္မာဒွေး ဖုန်း ၀၉-၇၃၀-၃၂၅၇၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

လျှာရှည်ချင်သူဗြိတိန်သူတစ်ဦး ကိုရီးယားအသံထွက်ကောင်းရန် ခွဲစိတ်

လန်ဒန် ဩဂုတ် ၁၈

ကိုရီးယားစကားပြော အသံထွက် လေယူလေသိမ်း ပိုကောင်းစေရန် ဗြိတိန်သူတစ်ဦး လျှာခွဲစိတ်မှုတစ်ရပ်ပြုလုပ်ခဲ့သည့် သတင်းတစ်ရပ်ကို ဩဂုတ် ၁၇ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အောက်ပုံ)**

စိတ်အားထက်သန်

ကိုရီးယားယဉ်ကျေးမှုနှင့် ပတ်သက်ပြီး လေ့လာရန် ဆန္ဒပြင်းပြထက်သန်နေသူ အသက် ၁၉ နှစ်အရွယ်သာ ရှိသေးသည့် ရာဟီရာနွန်ဘရွတ်ခ်ဂျန်းစ်သည် ကိုရီးယားစကားပြော အသံထွက်ပီသကောင်းမွန်စေရန် လျှာကိုခွဲစိတ်၍ ပိုရှည်အောင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သူမသည် တောင်ကိုရီးယားတွင် ကိုရီးယားယဉ်ကျေးမှုကို လေ့လာရန် စိတ်အားထက်သန်သူဖြစ်သည်။ ထို့ကြောင့် ကိုရီးယားစကားလုံးများစွာ၏ အသံထွက်ကို လပေါင်းများစွာ အသည်းအသန် လေ့ကျင့်နေခဲ့သော်လည်း ပီသစွာ ထွက်နိုင်ခြင်းမရှိဘဲ ဖြစ်နေခဲ့သည်။

ပြုလုပ်ခဲ့

မွေးရာပါ သူမ၏လျှာအနေအထားသည် စကားသံပီပီသသထွက်ဖို့ရန် ခက်ခဲနေသည်ဟု ယူဆပြီး ကိုရီးယားစကားပြောအသံထွက်ပိုမိုကောင်းစေရန် လျှာခွဲစိတ်မှု ပြုလုပ်ရန်သာ ရွေးချယ်စရာရှိတော့၍ ယခုကဲ့သို့ ခွဲစိတ်ပြုပြင်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဗြိတိန်သူလေး ဘရွတ်ခ်ဂျန်းစ်က ပြောကြားသည်။ **(အင်တာနက်)**

အပြည်ပြည်ဆိုင်ရာ လေကြောင်းပြပွဲ လေယာဉ်အစင်း ၂၀၀ ကျော် ခင်းကျင်းပြသ

မော်စကို ဩဂုတ် ၁၈

(၁၀)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာလေကြောင်းပြပွဲ (အမ်အေကေအက်စ်)ကို ဩဂုတ် ၁၆ ရက်က ရုရှားနိုင်ငံ မော်စကိုမြို့၌ ဖွင့်လှစ်လိုက်ပြီဖြစ်ရာ အဆိုပါပြပွဲသည် ရုရှားနိုင်ငံ၏လေကြောင်းလုပ်ငန်းကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သမ္မတ ဒီမစ်ထရီမက်ဗီဒက်ဗ်က ပြောကြားလိုက်သည်။

ပါဝင်ပြသ

မော်စကိုမြို့ပြင်ရှိ ဇူကိုစတီးလေယာဉ်ကွင်း၌ အဆိုပါအမ်အေကေအက်စ် ၂၀၁၁ ပြပွဲကို ကျင်းပဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယင်းနိုင်ငံတကာလေကြောင်းပြပွဲကို နိုင်ငံပေါင်း ၄၀မှ ကုမ္ပဏီနှင့် အဖွဲ့အစည်းပေါင်း ၈၀၀ ကျော်တို့က လေယာဉ်အစင်း ၂၀၀ ကျော် ပါဝင်ပြသခဲ့သည်။ **(အပေါ်ပုံ)**

မောင်းနှင်

အဆိုပါ လေကြောင်းပြပွဲတွင် ရုရှား၊ ပြင်သစ်၊ အီတလီ၊ ယူကရိန်းနှင့် အမေရိကန်နိုင်ငံတို့မှ လေကြောင်းကုမ္ပဏီကြီးများ၏ လေယာဉ်အစင်း ၁၀၀ ကျော်တို့ဖြင့် ခြောက်ရက်ကြာကျင်းပမည့် ၎င်းပြပွဲ၌ လေယာဉ်များကို အနည်းဆုံး ၁၀ နာရီကြာ ဝေဟင်တွင် မောင်းနှင်ပြသမည်ဖြစ်ကြောင်း အမ်အေကေအက်စ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

"နိုင်ငံတကာလေကြောင်းပြပွဲဟာ အရပ်ဘက်နဲ့စစ်ဘက် လေကြောင်းနည်းပညာတွေ ရရှိနိုင်မှာဖြစ်သလို အာကာသနည်းပညာတွေလည်းရရှိကြမှာဖြစ်ပါတယ် " ဟု ရုရှားသမ္မတ မက်ဗီဒက်ဗ်က ပြောကြားသည်။ ပြပွဲတွင် ခရီးသည်တင်လေယာဉ်အမျိုးမျိုးနှင့် တိုက်လေယာဉ်အမျိုးမျိုးတို့ကိုလည်း ခင်းကျင်းပြသခဲ့ကြောင်း သိရှိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်းအတိုအထွာ (၁၈-၈-၂၀၁၁)

တင်မောင်လွင် – စုစည်းသည်

တရုတ်နိုင်ငံ ဟေနန်ပြည်နယ်၌ ဓာတ်လိုက်သေဆုံး

တရုတ်နိုင်ငံအလယ်ပိုင်း ဟေနန်ပြည်နယ်၌ ဩဂုတ် ၁၆ ရက်က ဓာတ်လိုက်မှုကြောင့် လူခြောက်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။ အဆိုပါဓာတ်လိုက်မှုမှာ ဩဂုတ် ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ဆင်ယန်းမြို့ ရှီကျိုအော်ရွာ၌ ဟေနန်ရေနှင့် မီးအတိုင်ပင်ခံအင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်မှ အလုပ်သမားများ လုပ်ငန်းခွင်တွင် သုံးချောင်းထောက်စင်ကို သယ်ဆောင်စဉ် ဗို့အားမြင့်လွှတ်ထားသော ဓာတ်ကြိုးပေါ်သို့ လဲကျပြီး ဓာတ်လိုက်သေဆုံးခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

မော်စကိုတွင် ယာဉ်တိုက်မှုဖြစ်၊ ငါးဦးသေဆုံး

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ဩဂုတ် ၁၇ ရက်က ယာဉ်တိုက်မှုကြောင့် အနည်းဆုံး ငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းယာဉ်တိုက်မှုသည် ကားတစ်စီးနှင့်အခြားကားနှစ်စီးတို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။ ဖြစ်ပွားမှုမှာ ရုရှားပြဇာတ်သရုပ်ဆောင် နိုကီတာဗင်ရှာနောင့်၏ မာစီးဒီးကားသည် လမ်းကြောင်းမှားပြီး အခြားကားနှစ်စီးနှင့် ခေါင်းချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံအရှေ့ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

ဂျပန်နိုင်ငံအရှေ့ပိုင်း ကန်တို တိုဟို-အိုကီတွင် ဩဂုတ် ၁၈ ရက် ည ၈ နာရီ ၄၄ မိနစ်တွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉ ရှိ အင်အားပြင်းငလျင် လှုပ်သွားကြောင်း ဂျပန်မိုးလေဝသဌာနက ပြောကြားသည်။

ငလျင်ဗဟိုသည် မြောက်လတ္တီတွဒ် ၃၆ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၄၃ ဒသမ ၇ ဒီဂရီကြားတွင် ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်ကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ထားခြင်းမရှိကြောင်းနှင့် ပျက်စီးဆုံးရှုံးမှု မသိရသေးကြောင်း ဟောင်ကောင် မိုးလေဝသဌာနနှင့် အမေရိကန်ဘူမိဗေဒလေ့လာရေးဌာနတို့က သတင်းထုတ်ပြန်ခဲ့သည်။ အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်၏ အနောက်ဘက် ကီလိုမီတာ ၆၄၀ အကွာရှိ ဟေရက်ပြည်နယ် အိုဘေးခရိုင်၌ ဩဂုတ် ၁၈ ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ၁၄ ဦးသေဆုံးပြီး အခြား ၁၁ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုမှာ နံနက် ၉ နာရီက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်ရေးသမားများထောင်ထားသည့်ဗုံးကို မီနီဘတ်စ်ကားတစ်စီးတက်နင်းမိကာ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အဏ္ဏဝါသိပ္ပံသတင်း

ကောင်းမြတ်သူ – ရေးသားသည်

အာတိတ်ရေခဲပြင် လျင်မြန်စွာအရည်ပျော်ကျ ပင်လယ်ဖျံကြီးမျိုးများ ကုန်းတွင်းသို့ ပြောင်းရွှေ့လာ

ဝါရှင်တန် ဩဂုတ် ၁၈

အာတိတ်ရေခဲပြင်ကြီး လျင်မြန်စွာအရည်ပျော်ကျလာမှုကြောင့် ရေခဲပြင်တွင် နေထိုင်ကျက်စားသွားလာနေကြသည့် ပင်လယ်ဖျံကြီးမျိုးများသည် ကုန်းတွင်းပိုင်းသို့ ပြောင်းရွှေ့လာလျက်ရှိသည်ကိုတွေ့ရကြောင်း၊ အမေရိကန် ဘူမိဗေဒလေ့လာရေး အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားကြောင်း ဩဂုတ် ၁၈ ရက်က ရိုက်တာသတင်း၌ ဖော်ပြထားသည်။

ပင်လယ်ဖျံကြီးများသည် အစာအတွက် ရုံဖန်ရုံခါ ပေရာနှင့်ချီပြီး ပင်လယ်ကြမ်းပြင်အောက်ငုပ်လျှိုးကာ ရှာဖွေစားသောက်နေကြရသည် ဟုဆိုသည်။ သို့ရာတွင် ပင်လယ်ဖျံများသည် သားပေါက်ရာတွင် ရေခဲတုံးများကို အသိုက်ပြုလုပ်ပြီး ပေါက်ပွားကြသည်။ ထို့အပြင် ယင်းတို့၏ သားငယ်များကိုလည်း ရေခဲတုံးများပေါ်၌သာ ပြုစုစောင့်ရှောက်ခြင်းနှင့် အစာရှာကျွေးခြင်းများ ပြုလုပ်ကြရသည်။ ထိုကဲ့သို့ ရေခဲများ သိသိသာသာ အရည်ပျော်ကျလာစဉ် ပင်လယ်ဖျံကြီးများ ကုန်းတွင်းပိုင်းသို့ ပြောင်းရွှေ့ကြရပြန်သည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက အာတိတ်ရေခဲပြင်ကြီး သိသိသာသာ အရည်ပျော်ကျခဲ့သဖြင့် ပင်လယ်ဖျံကြီးမျိုး အကောင် ၁၀၀၀၀ မှ ၂၀၀၀၀ အထိ ကုန်းတွင်းပိုင်းသို့ ပြောင်းရွှေ့လာသည်ကိုတွေ့ရကြောင်း အမေရိကန်ဘူမိဗေဒလေ့လာရေးအဖွဲ့က ပြောကြားသည်။ အမေရိကန်အစိုးရသိပ္ပံပညာရှင်များသည် အလာစကာဒေသရှိ ကျေးလက်ပြည်သူများနှင့် ပူးပေါင်းလျက် ပင်လယ်ဖျံများတွင် ရေဒီယိုထရန့်စမစ်တာများ တပ်ဆင်ပေးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။ ယင်းရေဒီယိုထရန့်စမစ်တာများသည် ပင်လယ်ဖျံကြီးမျိုးများ ချုကိုပ်ဟီ ရေခဲပင်လယ်အတွင်း သွားလာလှုပ်ရှားမှုများကို လေ့လာနိုင်ရန်ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

အင်ဒိုနီးရှားမှ လိုကွန်မီးတောင်ပေါက်ကွဲ

ဂျကာတာ ဩဂုတ် ၁၈

အင်ဒိုနီးရှားနိုင်ငံ မြောက်စူလာဝေစီပြည်နယ်ရှိ လိုကွန်မီးတောင်သည် ဩဂုတ် ၁၇ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ အနီးဝန်းကျင်တွင် နေထိုင်ကြသူ ဒေသခံများအား ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်ဒိုနီးရှားမီဒီယာများက ဩဂုတ် ၁၈ ရက်၌ ဖော်ပြသည်။ **(အောက်ပုံ)**

ပြောကြား

မီးတောင်ပေါက်ကွဲမှုကြောင့် မီးခိုးနှင့်ပြာမှုန်များ ဝေဟင်သို့လွင့်ပျံ့ထွက်ပေါ်လျက်ရှိကြောင်း၊ မီးတောင်ပေါက်ကွဲသည့်အချိန်မှာ ဩဂုတ် ၁၇ ရက် ဒေသစံတော်ချိန် ၁၃ နာရီ ၂၅ မိနစ်ကဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ မီးတောင်နှင့်ဘူမိဘေးအန္တရာယ်ဆိုင်ရာဌာနမှအကြီးအကဲ ဆူရိုနိုက ပြောကြားသည်။

ကြားနေရ

မီးတောင် အနီးဝန်းကျင်တွင် နေထိုင်သူ ဒေသခံ ၂၇၃ ဦးအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားပြီး မီးတောင်မှ သုံးကီလိုမီတာပတ်လည်အတွင်း နေထိုင်သွားလာခွင့် ကန့်သတ်ထားကြောင်း၊ မီးတောင်ပေါက်ကွဲသံများကိုလည်း ငါးကီလိုမီတာအကွာအဝေးမှ ကြားနေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ မီးတောင်ပေါက်ကွဲမှုကို သတိပေးမှုအဆင့် ၃ သတ်မှတ်ထားပြီး ကယ်ဆယ်ရေးအဖွဲ့များအား အသင့်အနေအထား ပြင်ဆင်ထားကြောင်း အင်ဒိုနီးရှားမီဒီယာများက ဖော်ပြသည်။ **(အင်တာနက်)**

တရုတ်မှ အပျော်စီးသင်္ဘောသစ် ယန်ဇီမြစ်ခရီးစဉ်ထွက်မည်

ဝူဟန် ဩဂုတ် ၁၈

တရုတ်နိုင်ငံမှ အသစ်တည်ဆောက်ထားသော အပျော်စီးသင်္ဘောကြီးတစ်စင်းကို လာမည့်ရက်အနည်းငယ်တွင် ချုံကျင်းမြို့အနောက်တောင်ပိုင်းမှ ယန်ဇီမြစ်ကြောင်းတစ်လျှောက် ခုတ်မောင်းကာ ဟူဘေးမြို့ရှိ မြစ်ကျဉ်းသုံးသွယ်ရေတံခါးသို့ ဩဂုတ် ၂၉ ရက်၌ ရောက်ရှိရန် စီစဉ်ထားကြောင်း ဟူဘေးပြည်နယ်ရှိ ခရီးသွားလုပ်ငန်း အေဂျင်စီတစ်ခုက ဩဂုတ် ၁၇ ရက်၌ ပြောကြားသည်။ **(အပေါ်ပုံ)**

တည်ဆောက်ထား

Yangtze River No.2 ဟု အမည်ပေးထားသော ၎င်းအပျော်စီးသင်္ဘောကြီးသည် အရှည် ၁၃၉ မီတာရှိပြီး အမြင့်ခြောက်ထပ်ရှိသော သင်္ဘောကြီးဖြစ်သည်။ ၎င်းအပျော်စီးသင်္ဘောကြီးကို ချန်ကျင်းအပျော်စီးသင်္ဘော ပို့ဆောင်ရေးကော်ပိုရေးရှင်းက တည်ဆောက်ထားခြင်းဖြစ်သည်။ ခရီးသည် ၄၅၂ ဦးကျော်ဆံ့ပြီး ရေကူးကန်တစ်ကန်လည်း သင်္ဘောပေါ်၌ပါရှိရာ ကြယ်ငါးပွင့်အဆင့် နိုင်ငံတကာဟိုတယ်တွင် တည်းခိုရသကဲ့သို့ ရှိမည်ဖြစ်သည်။

အဆိုပါ သင်္ဘောကြီးအား စီးနင်းလိုက်ပါရန် လူ ၁၁၀၀၀ ကျော်တို့က လာမည့်သုံးလတာကာလခရီးစဉ်များအတွက် ကြိုတင်စာရင်းပေးထားကြပြီးဖြစ်ကြောင်း၊ လေးရက်ကြာခရီးစဉ်တစ်ခုအတွက် လူတစ်ဦးလျှင် ယွမ် ၃၅၀၀ သတ်မှတ်ထားပြီး ယီချန်မြို့မှ ချုံကျင်းမြို့သို့ ငါးရက် ကြာခရီးစဉ်အတွက် ယွမ် ၃၈၀၀ သတ်မှတ်ထားကြောင်း ချန်ကျင်းအပျော်စီး သင်္ဘောပို့ဆောင်ရေးလုပ်ငန်းမှ ဒုတိယမန်နေဂျာ ဝမ်လီတုန်က ပြောကြားသည်။

ယန်ဇီမြစ်အတွင်း အပျော်စီးသင်္ဘောဖြင့် အပန်းဖြေခရီးထွက်ခြင်းမှာ တရုတ်နိုင်ငံသားများအတွက် ရေပန်းစားလူကြိုက်များလာသော ခရီးစဉ်တစ်ခုဖြစ်လာသည်။ **(အင်တာနက်)**

❖ *ကျောဖုံးမှ*

အဆိုပါအဖွဲ့နှင့် စကားလက်ဆုံကျရင်း တိရစ္ဆာန်ဥယျာဉ်များတွင် တိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြသနေမှု၊ မကြာမီက တိရစ္ဆာန်များ ထပ်မံရောက်ရှိလာမှုအခြေအနေများကို ဆွေးနွေးမေးမြန်းကြည့်ရာ ညွှန်ကြားရေးမှူး ဦးဇော်မင်းက "တိရစ္ဆာန်တွေကို ဘိုးရင်းကုန်တင်လေယာဉ်ကြီးနဲ့ တင်ဆောင်ပြီး တောင်အာဖရိကနိုင်ငံကနေ တိုက်ရိုက်ပျံသန်းလာတာပါ။ နေပြည်တော်ကို ယခုလ ၉ ရက်နေ့ နံနက် ၈ နာရီကျော်လောက်မှာ ဆိုက်ရောက်ပါတယ်။ ရောက်ရောက်ချင်းပဲ တိရစ္ဆာန်တွေကို လေယာဉ်ပေါ်ကချ၊ ကားတွေပေါ်တင်ပြီး သူတို့ကိုထားမယ့် တိရစ္ဆာန်ဥယျာဉ်တွေဆီ တိုက်ရိုက်တန်းပို့ခဲ့ပါတယ်။ အားလုံး ၅၈ ကောင်ပါ" ဟု ပြောကြားသည်။

ရောက်ရှိလာသောတိရစ္ဆာန်များမှာ ခြင်္သေ့ဖြူ အထီးနှစ်ကောင်၊ အမ လေးကောင် ပေါင်း ခြောက်ကောင်၊

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်တွင်) အနီးကပ်ကြည့်ရှုလေ့လာနိုင်သည့် ကြိုးကြာငှက်ကို တွေ့ရစဉ်။

ခြင်္သေ့ညိုအထီးတစ်ကောင်၊ အမ သုံးကောင် ပေါင်းလေးကောင်၊ ကျားဖြူ အထီး အမ တစ်စုံ၊ ကျားဝါအထီး နှစ်ကောင်၊ အမ နှစ်ကောင် ပေါင်း လေးကောင်၊ သစ်ကုလားအုတ် အထီး နှစ်ကောင်၊ အမလေးကောင် ပေါင်း ခြောက်ကောင်၊ ရေမြင်း အထီး အမတစ်စုံ၊ နူးသမင်အထီး သုံးကောင်၊ အမ ကိုးကောင် ပေါင်း ၁၂ကောင်၊ ညာလာသမင် အထီး လေးကောင်၊ အမရှစ်ကောင် ပေါင်း ၁၂ကောင်၊ မြင်းကျားအမ ခြောက်ကောင်၊ ငှက်ကုလားအုတ် အထီး တစ်ကောင်၊ အမသုံးကောင် ပေါင်း လေးကောင် စုစုပေါင်း တိရစ္ဆာန် ကောင်ရေ အထီး ၁၇ကောင်၊ အမ ၄၁ကောင် ပေါင်း ၅၈ကောင်ဖြစ်သည်။

"ဒီတိရစ္ဆာန်တွေအနက် ခြင်္သေ့ဖြူ နူးသမင် (Gnu)နဲ့ ညာလာသမင် (Nyala)တို့က မြန်မာနိုင်ငံမှာ မရှိသေးတဲ့ မျိုးစိတ်သစ်တွေပါ။ ပြည်သူတွေ ထူးထူးခြားခြား လေ့လာကြည့်ရှုခွင့်ရအောင် မှာယူခဲ့တာပါ။ ကျန်တဲ့ တိရစ္ဆာန်တွေကတော့ မျိုးဆက်ပြန့်ပွားရေးအတွက်ပါ၊ ကမ္ဘာပေါ်မှာတိရစ္ဆာန်တွေက မျိုးတုံးမယ့် အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီး အချို့ဆိုရင် လုံးဝ ပျောက်ကွယ်သွားပါပြီ။ ဒါကြောင့် ကမ္ဘာအရပ်ရပ်က တိရစ္ဆာန်ဥယျာဉ်တွေ၊ ဆာဖာရီဥယျာဉ်တွေဟာ တိရစ္ဆာန်တွေကို ထိန်းသိမ်းမွေးမြူ ပြသရုံသာမက မျိုးဆက်ပြန့်ပွားရေးကိုလည်း ဆောင်ရွက်လာကြရပါတယ်။ ကျွန်တော်တို့ဆီမှာရှိတဲ့ တိရစ္ဆာန်ဥယျာဉ်တွေနဲ့ ဆာဖာရီဥယျာဉ်တို့မှာလည်း မျိုးဆက်ပွား လုပ်ငန်းကို ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆွေမျိုးတော်စပ်ပြီး သွေးနီးတဲ့မောင်နှမလို တိရစ္ဆာန်အချင်းချင်း သားစပ်ရင်း မွေးလာတဲ့ သားပေါက်တွေက ခန္ဓာမသန်စွမ်းတာ၊ မျက်စိမမြင်တာစတဲ့ မျိုးရိုးညံ့ဖျင်းမှုတွေ ဖြစ်လာတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီလို မျိုးနီးသားစပ်မှု (Imbreed)ကို ရှောင်လွှဲလိုတဲ့အတွက် မျိုးစိတ်တူ တိရစ္ဆာန်အသစ်တွေကို မှာယူတင်သွင်းခဲ့တာပါ" ဟု ညွှန်ကြားရေးမှူး ဦးဇော်မင်းက ရှင်းပြသည်။

ရောက်ရှိလာသည့် တိရစ္ဆာန်များအနက် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် ခြင်္သေ့ဖြူ အထီး တစ်ကောင်၊ အမ သုံးကောင် ပေါင်း လေးကောင်၊ ကျားဖြူ အထီးအမ တစ်စုံ၊ သစ်ကုလားအုတ် အထီး တစ်ကောင်၊ အမ သုံးကောင် ပေါင်း လေးကောင်နှင့် ရေမြင်းအထီး အမတစ်စုံတို့အား ထားရှိမွေးမြူသွားမည်ဖြစ်သည်။

အလားတူ ဆာဖာရီဥယျာဉ်ကြီးတွင် ခြင်္သေ့ညို အမ နှစ်ကောင်၊ နူးသမင်၊ ညာလာသမင်၊ မြင်းကျားနှင့် ငှက်ကုလားအုတ်အားလုံး၊ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)တွင် ခြင်္သေ့ညိုနှင့် ကျားဝါအထီး အမတစ်စုံစီ၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်တွင် ကျားဝါအထီးအမ တစ်စုံတို့ကိုလည်း မွေးမြူပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

"တိရစ္ဆာန်တွေအားလုံး သက်ဆိုင်ရာဥယျာဉ်တွေဆီ ရောက်ရှိနေပါပြီ။ ရန်ကုန်မှာရှိတဲ့ တိရစ္ဆာန်ဥယျာဉ်အတွက် ခြင်္သေ့ဖြူတစ်စုံနဲ့ သစ်ကုလားအုတ်တစ်စုံ ထပ်ပို့ပေးဦးမှာပါ။ လောလောဆယ်မှာတော့ နေပြည်တော်မှာပဲ ခဏထိန်းသိမ်းထားပါတယ်။ အဲဒီဥယျာဉ်မှာ သူတို့အတွက် အဆောက်အအုံတွေ၊ လှောင်ကွင်းတွေဆောက်လုပ်နေတုန်းပါ။ နေရာအဆင်သင့်ဖြစ်တာနဲ့ ချက်ချင်းပို့ပေးဖို့ စီစဉ်ထားပါတယ်"ဟု ဦးဇော်မင်းက ဆက်၍ ရှင်းပြသည်။

တောင်အာဖရိကနိုင်ငံမှ တိရစ္ဆာန် တင်သွင်းမှုသည် ယခုအကြိမ်မှာ ဒုတိယအသုတ်အဖြစ် တင်သွင်းခြင်းဖြစ်သည်။ ပထမအကြိမ်အဖြစ် တင်သွင်းခဲ့သည့် တိရစ္ဆာန်များမှာ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၂၉ ရက်က နေပြည်တော်သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ယင်းအသုတ်တွင် သစ်ကုလားအုတ်၊ ကြံ့ဖြူ၊ မြင်းကျား၊ ငှက်ကုလားအုတ်၊ ဆိတ်သမင်၊ ကုလားအုတ်၊ ခြင်္သေ့ညို၊ အင်ပါလာသမင်နှင့် သားပိုက်ကောင် စုစုပေါင်းကောင်ရေ ၆၀ ပါရှိခဲ့သည်။

တိရစ္ဆာန်များတင်သွင်းမှုနှင့် ပတ်သက်၍ Mr.Mike Bester က "ယခုတင်ပို့တဲ့ တိရစ္ဆာန်တွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ နည်းစနစ်များနဲ့ လိုအပ်တာတွေကို ကူညီပြသပေးဖို့ တောင်အာဖရိကနိုင်ငံကနေ တိရစ္ဆာန်တင်လေယာဉ်နဲ့အတူ လိုက်လာတာပါ၊ ကျွန်တော်နဲ့အတူ တိရစ္ဆာန်ဆရာဝန်လည်း ပါလာပါတယ်၊ ကျွန်တော်တို့က တိရစ္ဆာန်တွေ ဒီမှာနေသားကျသည်အထိ တစ်ပတ်လောက်စောင့်ကြည့်ပြီး ကူညီပြုစုပေးသွားမှာပါ၊ ဒီအခေါက်က မြန်မာနိုင်ငံကို ဒုတိယအကြိမ်အဖြစ် ရောက်ဖူးတာပါ။ ပထမအကြိမ် တိရစ္ဆာန်တွေတင်ပို့တုန်းကလည်း ကျွန်တော်လိုက်လာခဲ့ဖူးပါတယ်"ဟု ရှင်းပြသည်။

မြန်မာနိုင်ငံသို့တင်ပို့မည့် တိရစ္ဆာန်များအနက် အချို့မှာ အာဖရိကတောတွင်းမှ ဖမ်းဆီးရကြောင်း၊ အချို့မှာမူ အာဖရိကရှိတိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်များမှ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်ယူရကြောင်း၊ ယင်းသို့ ဖမ်းဆီး၊ ရွေးချယ်ရယူပြီးနောက် တိရစ္ဆာန်ထိန်းသိမ်းရေးစခန်း (Quarantine)များတွင် သုံးလခန့်ထားရှိပြီး ကူးစက်ရောဂါနှင့် အခြားရောဂါများ ကင်းရှင်းစေရန် ဆေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ တောင်အာဖရိကနိုင်ငံ တိရစ္ဆာန်ရောဂါရှာဖွေရေးဌာနကလည်း သုံးကြိမ်လာရောက်စစ်ဆေးခဲ့ကြောင်း၊ ထိုသို့လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ပြီးမှသာလျှင် လေယာဉ်ဖြင့် တင်ပို့ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် ၎င်းက ဆက်လက်ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးဇော်မင်းတို့ အဖွဲ့နှင့်အတူ ဆာဖာရီဥယျာဉ်သို့ ရောက်ရှိခဲ့သည်။ ဥယျာဉ်အတွင်းတွင်ကား အာရှသမင်၊ နွားနောက်၊ သားပိုက်ကောင်၊ ကြံ့ဖြူ၊ ကုလားအုတ်၊ သစ်ကုလားအုတ်၊ ငှက်ကုလားအုတ်၊ မြင်းကျား၊ ဆိတ်သမင်၊ ကျားနှင့် ခြင်္သေ့စသည့် တိရစ္ဆာန်များမှာ သဘာဝအတိုင်း လွတ်လပ်စွာ ကျက်စားလျက်ရှိသည်။

ထို့နောက် ဥယျာဉ်အတွင်း ဆက်လက် လှည့်လည်လေ့လာခဲ့သည်။ သွားရင်းလာရင်းမှာပင် Mr. Mike Bester က "ကျွန်တော် နေပြည်တော်ကို ရောက်ရှိနေစဉ်မှာ တိရစ္ဆာန်ဥယျာဉ်နဲ့ ဆာဖာရီဥယျာဉ်တို့ကို အသေးစိတ်လှည့်လည် လေ့လာလည်ပတ်ကြည့်ရှုခဲ့ပြီးပါပြီ။ ဥယျာဉ်နှစ်ခုလုံးမှာ လူတွေသွားလာတဲ့ နေရာတွေအပြင် တိရစ္ဆာန်ပြကွက်တွေမှာပါ သန့်ရှင်းသပ်ရပ်မှု အထူးကောင်းမွန်တာကို တွေ့ရပါတယ်။ ကျွန်တော့်ကိုယ်ပိုင် တိရစ္ဆာန်ဥယျာဉ်က ဝန်ထမ်းတွေကိုတောင်ခေါ်လာပြီး စံနမူနာအဖြစ် ပြသချင်ပါတယ်။ ဒါ့အပြင် တိရစ္ဆာန်တွေကို မေတ္တာစိတ်အရင်းခံနဲ့ ကြင်ကြင်နာနာကိုင်တွယ် ထိန်းသိမ်းနေတာကို တော်တော် သဘောကျနှစ်ခြိုက်မိတယ်ဗျာ" ဟု ပြောကြားသည်။

ထို့နောက် သစ်ကုလားအုတ်၊ မြင်းကျား၊ ငှက်ကုလားအုတ်တို့ကို ညွှန်ပြရင်း "ကျွန်တော် ပထမအသုတ်တင်သွင်းခဲ့တဲ့ ဒီတိရစ္ဆာန်တွေရဲ့ ကြီးထွားလာမှုနဲ့ ကျန်းမာရေးကလည်း အထူးကောင်းမွန်နေတာကို တွေ့ရတယ်ဗျ၊ ဒီလိုကျန်းမာသန်စွမ်းနေဖို့အတွက် ပြုစုစောင့်ရှောက်မှုက အရေးပါသလိုပဲ ဥယျာဉ်နေရာရွေးချယ်မှုမှန်ကန်ဖို့ကလည်း အဓိကကျပါတယ်။ ဒီဥယျာဉ်ကြီးဟာ ပြည့်စုံကောင်းမွန်တဲ့ သဘာဝပတ်ဝန်းကျင်ကို ဖန်တီးပေးထားနိုင်တာကို တွေ့ရပါတယ်။ အထူးသဖြင့် ကျောက်တောင်ကုန်း



ကျားဖြူအထီးကို ဤသို့ တွေ့ရသည်။

တွေပေါ်မှာ နေထိုင်ရတာကိုနှစ်သက်တဲ့ ဆိတ်သမင် (Barbary Sheep) တွေအတွက် သဘာဝကျောက်တောင်နဲ့ လူလုပ်ကျောက်ဂူတွေ ဖန်တီးပေးထားတာတော်တော် ကောင်းတယ်ဗျ"ဟု ၎င်းက ရှင်းပြသည်။

ခြင်္သေ့ပြကွက်ရှိ လှောင်အိမ်တစ်ခု၌ ခြင်္သေ့ဖြူအထီးအမတစ်စုံကို ထိန်းသိမ်းထားသည်။ ခြင်္သေ့ကြီးများ၏ အရောင်အသွေးကား ဆွတ်ဆွတ်ဖြူဖွေးလျက်ရှိသည်။ မြန်မာနိုင်ငံသို့ ပထမဆုံး အကြိမ်အဖြစ် ရောက်ရှိလာသည့် မျိုးစိတ်သစ်ဖြစ်သည်။ ယင်းခြင်္သေ့ကြီးများကို တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)သို့ ပေးပို့မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ ရောက်ရှိခဲ့သည်။ မြင့်မားသော သဘာဝကျောက်တောင်ကြီးများနောက်ခံဖြင့် သစ်ကုလားအုတ်များကို တွေ့မြင်ရသည်မှာ အလွန်မျက်စိပသာဒရှိလှသည်။ သစ်ကုလားအုတ်များမှာ ရောက်ခါစဖြစ်၍ နေသားကျသေးဟန်မတူ။ လူမြင်လျှင်ပင် အနည်းငယ်လန့်နေသေးသည့်ဟန်ကို တွေ့ရသည်။ အဆိုပါသစ်ကုလားအုတ်ပြကွက်အနီးတွင်ကား ရေမြင်းပြကွက်ရှိသည်။ အသစ်ရောက်ရှိလာသော ရေမြင်းကြီးများကား ရေထဲမှာစိမ်လျက် ဇိမ်ကျနေသည်။ ယင်းပြကွက်မှာ သဘာဝအနေအထားပေါ်တွင် တည်ဆောက်ထားသဖြင့် ရေမြင်းများအတွက် အထူးပင် ကောင်းမွန်လှကြောင်း၊ ယခုကဲ့သို့ သဘာဝကျလှသည့် ရေမြင်းပြကွက်မှာ ကမ္ဘာပေါ်တွင် ဤဥယျာဉ်နှင့် အမေရိကန်နိုင်ငံရှိ Bush Garden Park တို့တွင်သာ မိမိမြင်တွေ့ဖူးပါကြောင်း Mr.Mike Bester က မှတ်ချက်ပြုသည်။

ထိုမှတစ်ဆင့် ကျားဖြူများထားရှိရာ လှောင်အိမ်သို့ ရောက်ရှိသည်။ အထီးနှင့် အမကို သီးခြားခွဲထားသည်။ ကျားဖြူ အထီးကြီးကား အသက်သုံးနှစ်သားခန့်၊ အမမှာ နှစ်နှစ်ခွဲခန့်သာ ရှိသေးသည်။ နှစ်ကောင်စလုံး အလုံးအထည်ဖွံ့ထွားသည်။ ယခင်ရှိပြီးသား ကျားဖြူများထက် အလျားပို၍ရှည်ကြောင်း တိရစ္ဆာန်ထိန်း ဝန်ထမ်းက ပြောပြသည်။ အဖြူပေါ်တွင် အနက်ရောင်အစင်းများ ပါရှိသဖြင့် ကြည့်ရသည်မှာ တစ်မူဆန်းပြားလျက်ရှိသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် နို့တိုက်၊ ကျေးငှက်နှင့် တွားသွားသတ္တဝါ အမျိုးပေါင်း ၈၆ မျိုး၊ ကောင်ရေ ၅၄၇ ကောင်ရှိသည်။ယခုထပ်မံ၍ တိရစ္ဆာန်အမျိုးပေါင်း လေးမျိုး၊ ကောင်ရေ ၁၂ ကောင်ရောက်ရှိလာပြီဖြစ်ရာ စုစုပေါင်း ကောင်ရေ ၅၅၉ကောင် ရှိလာပြီဖြစ်သည်။ အလားတူ ဆာဖာရီဥယျာဉ် (နေပြည်တော်)တွင် ယခင်ကောင်ရေ ၁၈၃ ကောင်ရှိခဲ့ရာမှ ယခု ၃၆ ကောင် ထပ်မံ ရောက်ရှိလာပြီဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)တွင် ကောင်ရေ ၁၁၀၁ ကောင်၊ ရတနာပုံ ရတနာတိရစ္ဆာန်ဥယျာဉ်တွင် ကောင်ရေ ၆၆၃ ကောင် ရှိလာမည်ဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်များနှင့် ဆာဖာရီဥယျာဉ်တို့တွင် စုစုပေါင်းမျိုးစိတ် ၁၇၅မျိုး၊ ကောင်ရေ ၂၅၄၂ကောင် အထိ တိုးတက်မွေးမြူလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် ယခင်က သစ်ကုလားအုတ်တစ်ကောင်တည်းသာရှိခဲ့ရာမှ ယခု အထီးအမ တစ်စုံထပ်မံ ရောက်ရှိလာမည်ဖြစ်ပြီး မျိုးစိတ်သစ်ဖြစ်သည့် ခြင်္သေ့ဖြူတစ်စုံကိုလည်း မကြာမီ မြင်တွေ့ရတော့မည်ဖြစ်သည်။ အလားတူ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)တွင် ခြင်္သေ့ဖြူများ၊ ဆာဖာရီဥယျာဉ်တွင် သမင်မျိုးစိတ်သစ်များဖြစ်သည့် နူးသမင်နှင့်ညာလာသမင်များကို အများပြည်သူတို့ မကြာမီ ကြည့်ရှုလေ့လာနိုင်တော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

စောင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်) **စောင်းပြိုင်ပွဲတေးသီချင်းများ**

၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) စိန်ခြယ်ခြူးသန်း (ပတ်ပျိုး)
- (ခ) ရွှေတညာ (ယိုးဒယား)
- (ဂ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (ဃ) မြိုင်ခြေစုံသာ (ပတ်ပျိုး)
- (င) ထောင်ရောင်နေကသာ (သီချင်းခံ)
- (စ) ပန်းမြိုင်လယ် (ယိုးဒယား)
- (ဆ) သောင်းကျေးဒီပါဠွေ (မွန်)
- (ဇ) ဘုန်းများများမင်း (ပတ်ပျိုး)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) သူရကန် (ပတ်ပျိုး)
- (ခ) မန်းတောင်လက်ယာ (ယိုးဒယား)
- (ဂ) ဥကင်ဘုံမြင့် (ဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ဆယ်ဆယ်ရောင် (ဒိန်းသံ)
- (ခ) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
- (ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) တောဟေဝန်လယ် (ယိုးဒယား)
- (ခ) ရန်တကာအောင် (ဘွဲ့)
- (ဂ) ပုံနှုန်းဝတီသာ (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) မြသို့ငယ်စိမ်းနု (ဘွဲ့)
- (ခ) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- (ဂ) ရွှေပဇ္ဇုန် (ယိုးဒယား)

၆။ အခြေခံပညာ(၅-၁၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
- (ခ) ထံတျာ တေရှင် (ကြိုး)
- (ဂ) သီဒါ သီဒါ မြသား (ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင် အလယ်တန်းကျောင်းတွင် ၂၀၁၁-၂၀၁၂ပညာသင်နှစ် ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ပြခန်းဖွင့်လှစ်ပြသရာ ဩဂုတ် ၁၁ ရက်က ကျောင်းအုပ်ဆရာကြီး ဦးစိုးသိန်းက ကြည့်ရှုလေ့လာသူများအား ကျောင်းကျန်းမာရေးပြခန်းအတွင်း ရှင်းလင်းပြသစဉ်။ (ဝ၂၁)

ဩဂုတ် ၁၅ရက်က ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အမှတ်(၁) ရန်ကင်းမူကြိုကျောင်းတွင် ဦးတင်မောင်သင်း-ဒေါ်မော်မော်ဝင်းတို့၏သား သျှန်သူဖြိုး၏ (၁)နှစ်ပြည့်မွေးနေ့ အလှူအဖြစ် အာဟာရကျွေးမွေးပြီးနောက် စာအုပ်၊ စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ (ဝ၄၃)

အစိမ်းရောင် စီးပွားရေးလုပ်ငန်းများ

မောင်သစ်တော

'အစိမ်းရောင် စီးပွားရေးလုပ်ငန်းများ'

'အစိမ်းရောင် စီးပွားရေးလုပ်ငန်းများ' (Green Economy) ဆိုသည်မှာ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိသော စီးပွားရေးလုပ်ငန်းများ၊ နေ၊ လေ၊ ရေစွမ်းအင်သုံးကုန်ထုတ်လုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုခြင်းနှင့် လူသားများ၏ စားနပ်ရိက္ခာဖူလုံရေး၊ ကျန်းမာရေးနှင့် လူမှုအဆင့်အတန်း တိုးတက်လာစေရန်အတွက် ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများကို ဆိုလိုခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများသည် ထောင်စုနှစ်ရည်မှန်းချက်များကိုအဟန့်အတားဖြစ်စေသောကြောင့် သဘာဝပတ်ဝန်းကျင်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒများ ရွေးချယ်သတ်မှတ်ခြင်း၊ ခိုင်မာသောရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတို့သည် အကောင်းဆုံးဖြေရှင်းပေးနိုင်မည့် လုပ်ငန်းများပင်ဖြစ်သည်။

အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို အသုံးပြုရခြင်း၏အကြောင်းရင်းမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးလာမှုကြောင့် လူသားတို့ လက်တွေ့ကြုံတွေ့နေရသော ဆင်းရဲမှုနှင့် ငတ်မွတ်ခေါင်းပါးခြင်းများကို လျှော့ချရန်နှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေဘဲ အလုပ်အကိုင်နှင့်ဝင်ငွေများ တိုးတက်ရရှိစေသောကြောင့် ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်သည်။

ဆင်းရဲမှုလျှော့ချခြင်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **'အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ'** (Green Economy)ဆောင်ရွက်ရန် သန့်ရှင်းသောစွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရေးတို့ကို ကမ္ဘာမြေထိပ်သီးညီလာခံမှ သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ကမ္ဘာမြေထိပ်သီးညီလာခံမှ ချမှတ်ပေးခဲ့သော **'ထောင်စုနှစ်ရည်မှန်းချက်များ'** (Millennium Development Goals) မှာ (၁) ဆင်းရဲမှုနှင့် ငတ်မွတ်ခေါင်းပါးမှုကို တိုက်ဖျက်ရန်၊ (၂) ကျား/မ အခွင့်အရေးညီမျှမှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ (၃) အရွယ်ရောက်သူတိုင်း အခြေခံပညာရေးပြီးမြောက်အောင်မြင်ရန်၊ (၄) ကလေးငယ်များသေဆုံးမှုနှုန်းကို လျှော့ချရန်၊ (၅) မိခင်များ ကျန်းမာရေး အလေးပေးဆောင်ရွက်ရန်၊ (၆) အဓိကအဖြစ်များသော ရောဂါများကို တိုက်ဖျက်ရန်၊ (၇) သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရန်နှင့် (၈) ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်တို့ဖြစ်သည်။

လာမည့် ၂၀၁၂ ခုနှစ်တွင် Rio+20 ထိပ်သီးညီလာခံကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဓိကဆွေးနွေးမည့် အချက်နှစ်ချက်မှာ အစိမ်းရောင်စီးပွားရေးလုပ်ငန်းနှင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာမူဘောင်များ ချမှတ်ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရှိရသည်။

အစိမ်းရောင် မဟာဗျူဟာများ (Green Strategies)ကို အသုံးပြုအောင်မြင်နေသောနိုင်ငံများ

ကော်စတာရီကာနိုင်ငံသည် နိုင်ငံဧရိယာ၏ ၂၅ ရာခိုင်နှုန်းကို အမျိုးသားဥယျာဉ်များ (National Parks)နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ (Protected Areas) အဖြစ် တိုးချဲ့ဖွဲ့စည်းမည့်မူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုကို ဖော်ပြခဲ့သည်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းမှ နှစ်စဉ်ခရီးသွား တစ်သန်းကျော် လာရောက်သဖြင့် လေ့လာရန် ဝင်ကြေးငွေသီးသန့်မှ အမေရိကန်ဒေါ်လာငါးသန်း ဝင်ငွေရရှိခဲ့သည်။ ထိုဧရိယာပတ်ဝန်းကျင်၌ နေထိုင်သော ဒေသခံများအနေဖြင့် အလုပ်အကိုင်ပိုမိုရရှိခြင်းကြောင့် ဝင်ငွေတိုးတက်ရရှိကာ ဆင်းရဲမှုနှုန်းလျှော့ချနိုင်ခဲ့သည်။

တရုတ်နိုင်ငံ၏ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ငါးနှစ်စီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် တပ်ဆင်အသုံးပြုခြင်းတို့ကို စီမံကိန်းချဆောင်ရွက်ခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ လေစွမ်းအင်ကို အသုံးပြုမှု ဒုတိယအကြီးဆုံးဖြစ်ပြီး နေစွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်သော ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင် အမြင့်ဆုံးနိုင်ငံဖြစ်သည်။ နေရောင်ခြည်သုံး၍ ရေနွေးပေးစက်များကို နိုင်ငံ၏ ၁၀ ရာခိုင်နှုန်းသော အိမ်ထောင်စုများမှအသုံးပြုသဖြင့် လူဦးရေ ၁ ဒသမ ၅ သန်းအား အလုပ်အကိုင်အခွင့်အလမ်း ရရှိစေခဲ့သည်။

ဘရာဇီးနိုင်ငံ ကူရီတီပါမြို့တော် မြို့ပြစီမံကိန်းမှ သယ်ယူပို့ဆောင်ရေး မူဝါဒများကို ပြင်ဆင်ဆောင်ရွက်ခဲ့သဖြင့် သွားလာရေးလွယ်ကူပြီး ကျန်းမာရေးဆိုင်ရာတိုးတက်မှုရရှိစေခဲ့သည်။ ပျမ်းမျှအားဖြင့် လူတစ်ဦးအတွက် တစ်စတုရန်းမီတာမှ ၅၀ စတုရန်းမီတာအထိ သန့်ရှင်းသောလေကို ရှူရှိုက်ရန် နေရာရရှိခဲ့သည်။ ခရီးသွားခြင်း၌အသုံးပြုသော လောင်စာဆီ ၁၃ဆ ချွေတာနိုင်သဖြင့် လေထုညစ်ညမ်းမှုကို လျော့နည်းစေကာ မြို့နေပြည်သူများကို ကျန်းမာရေးထောက်ပံ့မှုပြုနိုင်ခဲ့သည်။

နီပေါနိုင်ငံတွင် သစ်တောအသုံးပြုသူများအဖွဲ့ပေါင်း ၁၄၀၀၀ မှ ဒေသခံပြည်သူအခြေပြု မူဝါဒများချမှတ်ဆောင်ရွက်ကာ သစ်ခုတ်လှဲထုတ်ယူမှု ညွှန်ကြားချက်များ၊ ဈေးနှုန်းသတ်မှတ်ခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် သစ်တောပျက်စီးမှုနှုန်းကို လျော့ကျစေခဲ့သည်။

ယူဂန္ဒာနိုင်ငံ၏ ၈၅ ရာခိုင်နှုန်းသောလုပ်သားများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ လုပ်ကိုင်ပြီး ဓာတုပစ္စည်းများမပါသော ချင်း၊ နာနတ်နှင့် အခြားစိုက်ပျိုးရေးသီးနှံများ စိုက်ပျိုးထုတ်လုပ်၍ ပြည်ပသို့ ရောင်းချမှုမှ ဝင်ငွေတိုးတက်ရရှိခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ဓာတုဗေဒပစ္စည်းများမသုံးသော လယ်သမားဦးရေ ၄၅၀၀၀ မှ နှစ်သိန်းအထိရှိလာခဲ့ပြီး ဧရိယာမှာ ယခင်က ဟက်တာ ၁၈၅၀၀၀ မှ ဟက်တာသုံးသိန်းအထိ ရောက်ရှိလာခဲ့သည်။

မြန်မာနိုင်ငံ၏ အစိမ်းရောင်စီးပွားရေးလုပ်ငန်းဆောင်ရွက်နိုင်မည့် အလားအလာများ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါများကြွယ်ဝသည့်နိုင်ငံအဖြစ် ကြာမြင့်စွာရပ်တည်လာခဲ့သည်။ ခေတ်အဆက်ဆက် အစိုးရအသီးသီးမှ သဘာဝပတ်ဝန်းကျင်တည်ငြိမ်ရေး၊ ရာသီဥတုညီညွတ်မျှတရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဟန်ချက်ညီစွာ ဆောင်ရွက်လုပ်ကိုင်လာခဲ့ကြသည်။ နိုင်ငံအဝန်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာသည် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများဆိုင်ရာ မူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းနှင့် အလုပ်အကိုင်များကို စနစ်တကျဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားသည်ကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရသည် စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပေါင်းစည်းဆောင်ရွက်ရန် တိုးချဲ့လုပ်ဆောင်လျက်ရှိပေသည်။ နိုင်ငံတစ်ဝန်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် ကဏ္ဍပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကိုလည်းဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေးဘဝ မြှင့်တင်ပေးရန်နှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် နိုင်ငံတော်သမ္မတကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ ကော်မတီအနေဖြင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ၍ ဆွေးနွေးမှုရလဒ်များအပေါ်အခြေခံပြီး အမျိုးသားလုပ်ငန်းအစီအစဉ်(၈)ရပ်ကို ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအစီအစဉ်ကိုလည်း အစီအစဉ်တစ်ရပ်အဖြစ် ချမှတ်ထားပြီးဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံသည် သစ်တောကြိုးဝိုင်းများ၊ ဘေးမဲ့တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများတည်ထောင်ခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ အပူပိုင်းဒေသနှင့် ကမ်းရိုးတန်းဒေသများတွင် သစ်တောများ ပြန်လည်တည်ထောင်စိုက်ပျိုးခြင်း အပါအဝင် နှစ် ၃၀ အမျိုးသားသစ်တော ပင်မဘက်စုံစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ နိုင်ငံတစ်ဝန်းတွင် သစ်တောစိုက်ခင်း ဟက်တာငါးသိန်းကျော် တည်ထောင်စိုက်ပျိုးထားပြီဖြစ်သည်။

ပြည်သူလူထုလူတန်းစား အလွှာပေါင်းစုံပါဝင်သည့် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်နိုင်ငံလုံးတွင် အပင်မျိုးစုံ ၇၉ သန်း စိုက်ပျိုးရန်အတွက် အမျိုးသားစိမ်းလန်းရေးလုပ်ငန်းအစီအစဉ်ကို ယခုနှစ်တွင် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နှစ်စဉ် ပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်စိုက်ပျိုးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (Reducing Emission from Deforestation and Forest Degradation-REDD) အတွက် ကနဦးလုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ စွမ်းအင်ဆိုင်ရာ မူဝါဒအနေဖြင့် စွမ်းအင်အသစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို ကျယ်ပြန့်စွာအသုံးပြုရန်၊ စွမ်းအင်ကို အကျိုးရှိစွာသုံးစွဲရန်နှင့် ပြည်သူများအနေဖြင့် အခြားအစားထိုး အိမ်သုံးလောင်စာများအသုံးပြုခြင်းတို့ကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ပို့ဆောင်ရေးကဏ္ဍတွင်လည်း ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းအစီအစဉ်များ၌ သက်ဆိုင်ရာဌာနပေါင်းစုံမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ ရေတိုတွင် ဓာတ်ဆီနှင့် ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ကို ပြောင်းလဲအသုံးပြုရန်နှင့် ရေရှည်တွင် ဇီဝလောင်စာများကို အစားထိုးအသုံးပြုသွားရန်တို့ပါဝင်သည့် အမျိုးသားပိုမိုသန့်စင်သော လောင်စာစွမ်းအင်မူဝါဒ ချမှတ်ထားပြီးဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအတွက် မြန်မာနိုင်ငံ၏ ကနဦးအမျိုးသားအစီရင်ခံအရ ၂၀၀၀ ပြည့်နှစ်ကို အခြေခံသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့်ညီမျှသည့် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုသည် တန်ချိန် ၇၄ သန်းနှင့် သစ်တောကဏ္ဍက ကာဗွန်စုပ်ယူထိန်းသိမ်းထားမှုသည် ၁၄၂ သန်းခန့်ရှိကြောင်း ဖော်ပြထားသောကြောင့် ကာဗွန်ထုတ်လွှတ်မှုအပေါ် ပြန်လည်စုပ်ယူမှုကောင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေရာ အစိမ်းရောင်စီးပွားရေးလုပ်ငန်းစဉ်များအတွက် အခြေအနေကောင်းများ ဖြစ်ပေသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)မှ သယံဇာတများကို အကျိုးရှိရှိ အသုံးချမှုလုပ်ငန်းများနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချစေခြင်းအတွက် အဓိကလုပ်ငန်းကဏ္ဍ ၁၀ ခုတွင် ကမ္ဘာ့GDP၏ နှစ်ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန် တင်ပြခဲ့သည်။ သန့်ရှင်းသော စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံမှ ၂၀၁၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၀-၂၀၀ ဘီလီယံအထိ တိုးတက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လာခဲ့သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ဆွစ်ဇာလန်နိုင်ငံ ဒါဗိုမြို့၌ ၂၈-၁-၂၀၁၁ ရက်နေ့တွင် ပြုလုပ်သော ကမ္ဘာ့စီးပွားရေးဖိုရမ်၌ အစိမ်းရောင်စီးပွားရေးလုပ်ငန်းကိုအသုံးပြု၍ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာဆောင်ရွက်ရန်နှင့် ကုန်လွန်ခဲ့သည့် ရာစုနှစ်များအတွင်း သဘာဝသယံဇာတများကို အလွန်အကျွံသုံးစွဲခဲ့ခြင်းများအပေါ် သတိပေးခဲ့ကာ ဆက်လက်ရှင်သန်စေမည့် စီးပွားရေးပုံစံတစ်ခုဖြစ်ထွန်းရေး ဆော်ဩခဲ့သည်။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုကိုဖြေရှင်းရန် အချိန်ဆွဲမနေသင့်ကြောင်းနှင့် ပိုလျှံပေါများသော သဘာဝသယံဇာတများအပေါ်၌ မှားယွင်းသော အယူအဆဖြင့် လုံးဝမှီခိုမှုပြုခဲ့သောကြောင့် ဖွံ့ဖြိုးတိုးတက်မှု၌ လမ်းလွဲသို့ ရောက်ရှိခဲ့ပြီး သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာရေးဆိုင်ရာလုပ်ငန်းများ၊ ဂေဟစနစ်တည်ငြိမ်ရေးနှင့် လူမှုရေးဆိုင်ရာ အုပ်ချုပ်မှုပုံစံများကို ပြုပြင်ဆောင်ရွက်ရန် ထပ်လောင်းပြောကြားခဲ့သည်။ ဆင်းရဲမှုလျှော့ချစေနိုင်မည့် မျှတမှုရှိသော ဖွံ့ဖြိုးတိုးတက်မှုတိုင်းအတွက် စီးပွားရေးတိုးတက်မှုကို ထောက်ပံ့ပေးနိုင်သော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ကာကွယ်မှုပြုရန်အတွက် စဉ်းစားသုံးသပ်ရန် လိုအပ်နေပြီဖြစ်သည်။ အတွေးအခေါ်များပြောင်းလဲသကဲ့သို့ လုပ်ရပ်များပြောင်းလဲမှသာ ကမ္ဘာမြေ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ ရှေးခေတ်လူများသည် ၎င်းတို့နှင့် သဘာဝလောကအကြား ခွဲခြားမှုမရှိဘဲ အတူတကွ သဟဇာတဖြစ်စွာ အမှီသဟဲပြု ယှဉ်တွဲနေထိုင်ရေးကို ကောင်းစွာနားလည်သဘောပေါက်ရုံမျှမက လက်တွေ့လည်းနေထိုင်ခဲ့ကြပြီး ယခုခေတ် စီးပွားရေးလုပ်ငန်းများနှင့် လူမှုရေးအဖွဲ့အစည်းများသည်လည်း သဘာဝတရားနှင့် သဟဇာတဖြစ်စွာ လုပ်ဆောင်နေထိုင်နိုင်ရေး အာရုံစူးစိုက်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုနှင့် ထုတ်ကုန်ပစ္စည်းများအပေါ် အမှီပြုနေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျဆင်းနေသဖြင့် ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သော သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ကာရစ်ဘီယမ်ပင်လယ်အတွင်းမှ သန္တာကျောက်တန်းများ၏ ၈၀ ရာခိုင်နှုန်းကျော်နှင့် တစ်ကမ္ဘာလုံးရှိ ဒီရေတော ၃၀ ရာခိုင်နှုန်း ပျက်စီးခဲ့ရသည်။ ဒီရေတော ဂေဟစနစ်များသည် ပင်လယ်ကမ်းရိုးတန်းများကို ကာကွယ်မှုပေးသည့်အပြင် ငါး၊ ပုစွန်နှင့် ရေနေသတ္တဝါများအတွက် နေထိုင်စားသောက်စရာ ဥယျာဉ်သဖွယ်ဖြစ်ပါသည်။ ရေလုပ်ငန်းမှ စားနပ်ရိက္ခာထောက်ပံ့ပေးသဖြင့် ထောင်စုနှစ် ရည်မှန်းချက်ဖြစ်သော ငတ်မွတ်ခေါင်းပါးမှုလျော့နည်းပပျောက်ရေးအတွက် ကမ်းရိုးတန်းဒီရေတောများ ထိန်းသိမ်းခြင်းနှင့် သန္တာကျောက်တန်းများ မပျက်စီးရန် ကာကွယ်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

သစ်တောများသည် လူသားတို့လိုအပ်သော အစားအစာနှင့် ဆေးဝါးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် သောက်သုံးရေများအတွက် အဓိကအရင်းအမြစ်များဖြစ်သဖြင့် ထောင်စုနှစ်ရည်မှန်းချက်များနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။ ၁၉၉၀ ပြည့်နှစ်များတွင် နှစ်စဉ်ပျမ်းမျှ သစ်တောပျက်စီးမှုနှုန်း ဟက်တာ ၁၆ သန်းကျော်ရှိခဲ့ရာ ယနေ့အခါ ဟက်တာ ၁၃ သန်းကျော်အထိ လျော့နည်းကျဆင်းလာခဲ့ပါသည်။ အဆိုပါပျက်စီးမှုသည် သဘာဝပတ်ဝန်းကျင်ထိခိုက်စေပြီး နိုင်ငံပေါင်း ၃၀ ရှိ မူလသစ်တောဧရိယာ၏ ၉၀ ရာခိုင်နှုန်းကို ပျောက်ဆုံးစေခဲ့ပါသည်။ ထို့ကြောင့် သစ်တောကဏ္ဍ၌ ရင်းနှီးမြှုပ်နှံခြင်းဖြင့် ထောင်စုနှစ်ရည်မှန်းချက်များကို အောင်မြင်စေရုံမျှမက ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချခြင်းကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ၌ သန့်ရှင်းသောစွမ်းအင် အသုံးပြုခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေခြင်း

အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ၌ သန့်ရှင်းသောစွမ်းအင် အသုံးပြုခြင်းဖြင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အကျိုးရှိစေပြီး ရုပ်ကြွင်းလောင်စာလောင်ကျွမ်းမှု လျော့နည်းစေကာ ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေပါသည်။ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အခြေခံကျသော မူဘောင်ချမှတ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာဖွံ့ဖြိုးမှုများကို ဆောင်ရွက်ခြင်းဖြင့် စွမ်းဆောင်ရည် တိုးတက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

လူသားတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ကမ္ဘာ့မြေထုအတွင်းမှ သတ္တုမျိုးစုံတူးဖော်ခဲ့ကြသည်။ လက်ရှိကာလအကျိုးစီးပွားအတွက် ရုပ်ကြွင်းလောင်စာများ အဆမတန်အသုံးပြုခဲ့ကြပြီး နောင်ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို လျစ်လျူရှုကာ သယံဇာတများကို လိုအပ်သည်ထက် ပိုမိုထုတ်ယူသုံးစွဲခဲ့ကြပါသည်။ ထိုခေတ်များ ကုန်လွန်ခဲ့ပြီး ယနေ့ကာလတွင် သဘာဝတရားမှ ထောက်ပံ့ပေးနိုင်သော သယံဇာတများ ကုန်ခန်းလုနီးပါးဖြစ်ကာ ရာသီဥတုပြောင်းလဲခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကို ခံစားနေကြရပါသည်။ လူသားတိုင်းအတွက် ပို၍လုံခြုံမှုရှိသော၊ ပို၍သန့်ရှင်းသော၊ ပို၍စိမ်းလန်းသောအနာဂတ်ဘဝ သာယာစိုပြည်ငြိမ်းချမ်းသောလူ့ဘောင်ကို တည်ဆောက်ရန် အတ္တအကျိုးစီးပွားနှင့် ပရဟိတညီညွတ်မျှတသည့် ခံယူချက်၊ အတွေးအခေါ် အယူအဆများကို လက်ကိုင်စွဲကာ လက်တွေ့ကျသည့် သိပ္ပံနှင့် နည်းပညာများကို အသုံးပြု၍ အနာဂတ်ကိုဖန်တီးရန် အချိန်ကျရောက်နေပြီဖြစ်ပါသည်။

ထာဝစဉ်ဖွံ့ဖြိုးရေးနှင့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ

ထာဝစဉ်ဖွံ့ဖြိုးရေးစကားလုံးကို နှုတ်ဖျားမှပြောဆိုရန် လွယ်ကူသော်လည်း တကယ့်လက်တွေ့အောင်မြင်ရန်အတွက် လူမှုဘဝနေထိုင်မှုများ၊ စီးပွားရေးပုံစံများ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ ရပ်တည်ချက်များနှင့် မူဝါဒများကို ပြုပြင်ပြောင်းလဲရပေမည်။ ၂၁ ရာစုတွင် ထာဝစဉ်ဖွံ့ဖြိုး၍ လုံခြုံမှုရှိသော ဘဝရပ်တည်ချက်ရှိမည့် အစိမ်းရောင် စီးပွားရေးလုပ်ငန်းများဖြင့် အစားထိုးဆောင်ရွက်မှသာလျှင် နောင်တိုးတက်လာမည့် လူဦးရေအတွက် လိုက်လျောညီထွေဖြစ်စေပါမည်။ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများသည် စီးပွားရေးအရ ထိရောက်သော အကျိုးအမြတ် ရရှိစေရုံမျှမက လူနေမှုဘဝတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေသည့် နည်းပညာများဖြင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်းဖြစ်သဖြင့် လက်ငင်းချမ်းသာမှုနှင့် အနာဂတ်ကမ္ဘာကြီးတည်မြဲမှုကိုပါ အထောက်အကူပြုစေပါသည်။

လာမည့် ၂၀၅၀ ခုနှစ်တွင် ကမ္ဘာမြေ၌ နေထိုင်သူ လူသား သန်း ၉၀၀၀ ကျော်တို့အတွက် ရှင်သန်ရပ်တည်ရေးမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ရာ ဇွဲနပဲကြီးစွာ ရုန်းကန်နိုင်ကြပါမည်လား၊ သို့မဟုတ် ထို့ထက်ပို၍ ဆိုးရွားသွားမည်လား ဆိုသည်ကို တွေးတောမှန်းမျှော်ကြည့်ရင်း ယနေ့ကာလတွင် သယံဇာတအရင်းအမြစ်များ လျော့နည်းပြုန်းတီးလာခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်ဆိုးများကို ရင်ဆိုင်ဖြေရှင်းနေကြရပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအားလုံး၏ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် စီးပွားရေးဆိုင်ရာ မဟာဗျူဟာများ၌ အစိမ်းရောင်စီးပွားရေးကို ရွေးချယ်လုပ်ကိုင်ကြခြင်းဖြင့် အနာဂတ်လူသားတို့ ရှင်သန်နေထိုင်ကြရမည့် ကမ္ဘာကြီး ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

ဆုချီးမြှင့်

ဩဂုတ် ၁၀ ရက်က တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး၏ ကျောင်းကျန်းမာရေးစံပြကျောင်းများ ဆုပေးပွဲ၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ဆုရရှိသူ သဃ်္ဃန်းကျွန်းမြို့နယ် အမက(၈)မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ နည်းလမ်းအသစ် လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၈

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ၂၀၀၉ ခုနှစ်တွင် ဂေဟာ၊ သင်တန်းကျောင်းများ၌ အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့်ကာကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများ (Minimum Standards of Care and Protection for Children in Residential Facilities) စာအုပ်ကို ပြုစုထုတ်ဝေကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသော ဂေဟာများ၊ သင်တန်းကျောင်းများသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ဖြန့်ဝေပေးပြီးနောက် ယင်းစာအုပ်တွင်ပါဝင်သည့် အနိမ့်ဆုံး စံချိန်စံညွှန်းများကို ဂေဟာ၊ သင်တန်းကျောင်းများက လိုက်နာလုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေကို လေ့လာဆန်းစစ်အကဲဖြတ်နိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ ၂၀၁၀ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၁ ခုနှစ် မတ်လအထိ အချက်အလက်ကိန်းဂဏန်းများကောက်ယူပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ပါကြောင်း။

ထိုသို့ ကွင်းဆင်းလေ့လာရာတွင် ရည်မှန်းချက်လေးခု ချမှတ်ခဲ့သကဲ့သို့ ဆောင်ရွက်ခဲ့သည့် နည်းစနစ်များကိုလည်း အပိုင်း(၇)ပိုင်းနှင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် မှတ်ပုံတင်ထားသည့် ပရဟိတဂေဟာများနှင့် မှတ်ပုံတင်ထားခြင်း မပြုရသေးသည့် ဂေဟာပေါင်း ၁၄၇ ခုကို ရွေးချယ်လေ့လာခဲ့ပါကြောင်း၊ လေ့လာအကဲဖြတ်မှုအရ ရှေ့ဆက်လုပ်ငန်းစဉ်(၄)ခု ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများမှာ(၁) အနိမ့်ဆုံးစံသတ်မှတ်ချက်များကို ညွှန်ကြားချက်တစ်ခုအနေဖြင့် ထုတ်ဝေရန်နှင့် ကလေးများပြုစုစောင့်ရှောက်သည့် ဂေဟာများ၊ သင်တန်းကျောင်းများသို့ ဖြန့်ဝေမှုပေးရန်တို့အပြင် ခိုင်မာသောဥပဒေတစ်ရပ်ဖြစ်လာစေရန်၊ (၂) ကလေးများ ပြုစုစောင့်ရှောက်သည့်ဌာနများအားလုံးတွင် အနိမ့်ဆုံး စံသတ်မှတ်ချက်များ အကောင်အထည်ဖော်ခြင်းကို သေချာစွာ ဆောင်ရွက်စေရန်၊ (၃) စံသတ်မှတ်ချက်များကို သေချာစွာ အကောင်အထည်ဖော်ခြင်းနှင့် စစ်ဆေးရေးနည်းလမ်းများ ပိုမိုခိုင်မာလာစေရန်နှင့် (၄) အနိမ့်ဆုံး စံသတ်မှတ်ချက်များသည် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ နည်းလမ်းအသစ် လမ်းညွှန်ချက်များနှင့်အညီ အသေအချာ ဆောင်ရွက်ကြရန်တို့ဖြစ်ပါကြောင်းဖြင့် ဩဂုတ် ၁၆ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဌာနချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာများနှင့်သင်တန်းကျောင်းများ ပြုစုစောင့်ရှောက်မှုအောက်တွင်ရှိသော ကလေးသူငယ်များ၏အခြေအနေ လေ့လာဆန်းစစ်တွေ့ရှိချက်များအား တင်ပြဆွေးနွေးခြင်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် **(အပေါ်ပုံ)**က ပြောကြားသည်။

ထို့နောက် ယူနီဆက် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Ms. Anupama Rao Singh က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် မြန်မာနိုင်ငံယူနီဆက်ဌာနေကိုယ်စားလှယ် Mr. Ramesh Sherstha တို့က လေ့လာဆန်းစစ်တွေ့ရှိချက်စာအုပ်များကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

တင်ပြဆွေးနွေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာများနှင့် သင်တန်းကျောင်းများ ပြုစုစောင့်ရှောက်မှုအောက်တွင်ရှိသော ကလေးသူငယ်များ၏အခြေအနေ လေ့လာဆန်းစစ်တွေ့ရှိချက်များအား တင်ပြဆွေးနွေးခြင်းအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခွန်ပညာပေးဆွေးနွေးပွဲ ဟသ်ာတမြို့နယ်၌ ကျင်းပ

ဟသ်ာတ ဩဂုတ် ၁၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဟသ်ာတမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှကျင်းပသော အခွန်အရပ်ရပ်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီက ဟသ်ာတမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းနိုင်က ဝင်ငွေခွန်နှင့် ပတ်သက်သောအကြောင်းအရာများကို ပညာပေးရှင်းလင်းဆွေးနွေးပြီး **(အောက်ပုံ)** တွဲဖက်မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးလွင်က ဝင်ငွေခွန်ဥပဒေဆိုင်ရာ သိကောင်းစရာများနှင့်ထားရှိရမည့်စာရင်းဇယားများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော လုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (ဝ၇၅)

အာဟာရဖွံ့ဖြိုးမှု ရက်သတ္တပတ်အခမ်းအနား ပခုက္ကူမြို့နယ်၌ ကျင်းပ

ပခုက္ကူ ဩဂုတ် ၁၈

ပခုက္ကူခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အာဟာရဖွံ့ဖြိုးမှု ရက်သတ္တပတ် အာဟာရချက်ပြုတ်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၂ ရက် ညနေ ၃ နာရီက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ရီရီမေက အမှာစကားပြောကြားပြီး ကလေးအထူးကုဆရာဝန် ဒေါက်တာ ဦးရဲထွန်းဦးက အာဟာရအုပ်စုများအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် အာဟာရချက်ပြုတ်ပြိုင်ပွဲတွင် အမှတ်(၄)ရပ်ကွက် အသင်းက ပထမ၊ အမှတ်(၈)ရပ်ကွက် အသင်းက ဒုတိယ၊ အမှတ်(၁၀) ရပ်ကွက်အသင်းက တတိယရရှိကြရာ ဆုများကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ရီရီမေ **(အပေါ်ပုံ)**၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇင်မာဝင်းနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖန်းဇော်မြို့နယ်၌ ငါးမျိုးစိုက်ထည့်

ဖန်းဇော် ဩဂုတ် ၁၈

ကချင်ပြည်နယ် ဖန်းဇော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၆ ရက်က ကမ်းသာဦးဆိပ်ကမ်း၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ညွန့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညွန့်မေနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် မြို့မိ မြို့ဖများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များက ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေငါးသိန်းကို မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင်ငါးလုပ်ငန်းဦးစီး)

အုတ်စီရေမြောင်းလုပ်ငန်း တာချီလိတ်၌ ဆောင်ရွက်

တာချီလိတ် ဩဂုတ် ၁၈

တာချီလိတ်မြို့နယ်အတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဗိုလ်ချုပ်လမ်း အုတ်စီရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းတို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (ဝ၆ဝ)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကျေးလက်ဒေသ ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ကန့်ဘလူမြို့နယ်၌ ဟောပြော

ကန့်ဘလူ ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဟောပြောပွဲကို ကန့်ဘလူမြို့ မွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ ဩဂုတ် ၁ရက် ညနေ ၄နာရီက ကျင်းပရာ ဟောပြောပွဲတွင် မွေးမြူရေးနှင့်ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းက မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစုအဖွဲ့များဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးဟောပြောသည်။

ပညာပေးဟောပြော

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်း ရှင်းလင်းပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝါးခယ်မမြို့နယ် တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ဝင်းနှင့် ဆရာ ဆရာမများ ပူးပေါင်း၍ သံကြိုးတိုင်ရပ်ကွက်ရှိ မူလတန်းကျောင်း၌ ဩဂုတ် ၂ ရက် က ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)



19-8 (07).pmd 1 8/19/2011, 2:30 AM

တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့နှင့် ဘရာဇီးနိုင်ငံ သံအမတ်ကြီးတို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၈

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dibo Mining Group Co., Ltd. ဥက္ကဋ္ဌ Mr.Sun Wenzhong ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်း သတ္တုတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(ယာပုံ)**

အလားတူ ပြည်ထောင်စုဝန်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jose Carlos da Fonseca Junior သည် မွန်းတည့် ၁၂ နာရီတွင် လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံသတ္တုတူးဖော်ထုတ်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့ လာရောက်တွေ့ဆုံရာတွင် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဦးမျိုးအေးအား အစ္စရေးနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးမျိုးအေးအား အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေအား အီတလီသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေအား အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

ဓာတ်အားပေးစက်ရုံများ စွမ်းအားပြည့် လည်ပတ် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ ကြံ့ခိုင်မှုရှိရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၈

စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးစေရေး၊ လုပ်ငန်းခွင်သို့ ပစ္စည်းများ မှန်မှန်ကန်ကန်ဖြင့် အလျင်အမြန်ရောက်ရှိရေး၊ ယူနစ် Losses ကျဆင်းရေး၊ ဓာတ်အားပေးစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် အမြဲစစ်ဆေးပြုပြင်သွားရေး၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ ကြံ့ခိုင်ကောင်းမွန်မှုရှိရေး၊ ဝန်ထမ်းများအနေဖြင့် စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စည်းစည်းလုံးလုံးဖြင့် စနစ်တကျနေထိုင်ရေး၊ ပြည်သူကို အလုပ်ကျွေးပြုရသည့် ဝန်ထမ်းများပီပီ ပြည်သူ့ဆန္ဒသဘောထားကို အလေးထားကာ အဂတိတရားလိုက်စားမှု လာဘ်ပေးလာဘ်ယူကင်းရှင်းပြီး မိမိလုပ်ငန်းတာဝန်ကို တိကျမှန်ကန်ကောင်းမွန်စွာ အလေးအနက်ထား ဆောင်ရွက်ရေးတို့ကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ် အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လျှပ်စစ်အင်ဂျင်နီယာများ၊ စက်ရုံမှူးများ၊ ဓာတ်အားခွဲရုံမှူးများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖျာပုံမြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်

ဖျာပုံ ဩဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အောက်ကွင်းကြီးကျေးရွာ အောက်ကွင်း (၁) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ရက် နံနက် ၉နာရီခွဲက ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဦးစန်းမောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဗိုလ်၊ မြို့နယ်ပညာရေးမှူး ဒေါ်ဖြူဖြူဝင်း၊ MBE အဖွဲ့မှ ဒေါ်လင်းလင်းတင်ထွန်းနှင့် ဒေါ်မေဦးခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဒေါ်လင်းလင်းတင်ထွန်းက မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်ပြီး MBE အဖွဲ့မှ ဒေါ်မေဦးခိုင်က ကျောင်းဆောင်သစ်အတွက် လှူဒါန်းငွေကျပ်နှစ်သိန်းကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

သာပေါင်း၌ ကွန်ကရစ်လမ်းခင်းခြင်း

သာပေါင်း ဩဂုတ် ၁၈

သာပေါင်းမြို့ အမှတ်(၁)ရပ်ကွက် ကညင်ချောင်းလမ်းတွင် အလှူရှင်များ ပူးပေါင်း၍ ဇူလိုင် ၁၄ ရက်က ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

လှိုင်သာယာမြို့နယ် အပြင်ပဒံကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမျိုးညွန့်နှင့် ပြည်သူများ ဩဂုတ် ၆ ရက်က ရေစီးရေလာကောင်းမွန်စေရေး အတွက် ရေမြောင်းများ၊ လမ်းဘေးဝဲယာအမှိုက်များ ရှင်းလင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရက်လွန်စားကုန်များ ရောင်းချမှုမရှိရေး တန့်ယန်း၌ ကွင်းဆင်းစစ်ဆေး

တန့်ယန်း ဩဂုတ် ၁၈

တန့်ယန်းမြို့တွင်းရှိ လူစားသောက်ကုန် အရောင်းဆိုင်များနှင့် စတိုးဆိုင်များတွင်ရောင်းချလျက်ရှိသော ကုန်ပစ္စည်းများ၌ စားသုံးရန်မသင့်သောစားသောက်ကုန်များ၊ ရက်လွန်စားသောက်ကုန်များ ရောင်းချမှုမရှိစေရေးအတွက် တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးတင်မောင်စိုးနှင့် တန့်ယန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး ဒုတိယဦးစီးမှူး ဦးဖိုလစ်ဝင်း ဦးဆောင်သောအဖွဲ့ဝင်များ ဩဂုတ် ၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အုတ်ဖိုမြို့နယ်၌ အခွန်ပညာပေး ဆွေးနွေးပွဲကျင်းပ

အုတ်ဖို ဩဂုတ် ၁၈

ပြည်တွင်းထုတ်ကုန်ပစ္စည်းများတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရေး အခွန်ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၇ ရက်က အုတ်ဖိုမြို့နယ် အခွန်ဦးစီးဌာနမှူး ရုံးခန်းမ၌ကျင်းပရာ ခရိုင်အခွန်ဦးစီးဌာနမှူး ဦးကျော်ကျော်လတ်က အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရေးအတွက် အသေးစိတ်ရှင်းလင်းဆွေးနွေး၍ ဦးစီးအရာရှိ ဦးဟန်မြင့်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရန်မျိုးဝင်းတို့က အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် နေရာများနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပုံတို့ကို သရုပ်ပြရှင်းလင်းကြသည်။ **(ယာပုံ)**

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို အခွန်ပညာပေးဆွေးနွေးရေးအဖွဲ့ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး အခွန်ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်အခွန်ဦးစီး)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **တရားသည်သာအားကိုးရာ** တရားတော် (ဆရာတော်ဘဒ္ဒန္တကုဏ္ဍလ)
၆:၃၅ ဖူးမည်အမှန်…ထူးမည်ဧကန်… မာရ်ငါးမာန်
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၀)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၂)
၈:၅၀ နှစ်ပေါင်းရာကျော်တည်တံ့နေသော မလွန်ဈေးဆန်အလှူတော်
၉:၁၀ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ
၉:၂၅ Activities in the City (မိုးအကြို အွန်လိုင်းကုန်စည်ပြပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲ)
၉:၄၅ Movie Talk (ကြွေလွင့်ကြယ်ပွင့်များ) (အပိုင်း-၇) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၀:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Apple Foundation)မှ မြင်သာမြို့ဦးကျောင်းတိုက်သို့ ဘီပိုးကာကွယ်ဆေးထိုးလှူဒါန်းပွဲ
၁၀:၃၅ ဖက်ရှင်လမ်းညွှန် (ခေတ်စားနေဆဲဇာဖက်ရှင်)
၁၁:၀၅ Before & After
၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅ ဘဝအမောပြေပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့
၁၂:၃၀ UMFCCI နှင့် MIEGA တို့ ပူးပေါင်းကျင်းပသည့် စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ
၁:၀၀ **တရားသည်သာအားကိုးရာ** တရားတော် (ဆရာတော်ဘဒ္ဒန္တကုဏ္ဍလ)
၁:၄၅ အံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့်နီးဘုရား
၂:၀၀ MRTV-4 သတင်း
၂:၂၀ Style ရှိမှ Star ဖြစ်မယ်
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၀)
၄:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၂)
၅:၁၀ Activities in the City (တေးသံရှင် သက်မှူးဟေသီ၏ **ဗာရာဏသီပြည်သား ကျွန်မရည်းစား** တေးစီးရီး စာနယ်ဇင်းမိတ်ဆက်ပွဲ)
၅:၃၀ Acitvities in the City (ပထမအကြိမ် ဘူမိဗေဒ ဆရာကန်တော့ပွဲ)
၅:၄၅ ဆံကေသာဖန်တီးသူနှင့် တွေ့ဆုံစဉ်ခဏ
၆:၀၀ MRTV -4 သတင်း
၆:၂၀ မြိုင်ပရဟိတ သီလရှင်စာသင်တိုက်မှ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ
၆:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၁)
၇:၂၀ The Champion of Dance
၈:၀၀ MRTV -4 သတင်း
၈:၃၀ Korea City of Seoul is... Fashion
၉:၂၀ အနုပညာမိုးကောင်းကင်
၉:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၃)
၁၀:၄၀ VJ Choice
၁၁:၀၅ ရသစုံလင် စိမ်းလဲ့တင်ရဲ့ ပျိုးဥယျာဉ်
၁၁:၂၅ သူတို့ပြောတဲ့သူတို့အကြောင်း (ချစ်ချစ်ဇော်၊ လင်းဇာနည်ဇော်တို့နှင့် တွေ့ဆုံခြင်း)
၁၁:၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂:၀၀ World of Knowledge (Future Train)
၁၂:၅၀ မူဟန်ကိုယ်စီတေးကိုသီ
၁:၀၅ စွဲမက်ဖွယ်ရာ ရတနာ (စိန်ကျောက်အလား ဥဿဖရား) (အပိုင်း-၂)
၁:၃၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကျောက်ငါးသုတေသန သားဖောက်လုပ်ငန်း)
၁:၅၀ ငြိမ့်ညောင်းသာယာတယောပညာ (တယောဦးတင်ရီ)
၂:၁၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
၂:၂၀ ဖန်တီးသူတို့ကမ္ဘာ
၂:၃၅ **နွေးထွေးသော မေတ္တာအိမ်ကလေး** ခိုင်ခန့်၊ အောင်ခိုင်၊ ဝါဝါအောင် (ဒါရိုက်တာ-ဝင်းမောင်ရွှေ)(Art)
၂:၅၅ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅ ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၄:၁၅ စိတ်ချယုံကြည် Global Wave Technology
၄:၂၅ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
၄:၅၀ သက်ဝင်လှုပ်ရှား ရသရုပ်လုံးရုပ်ကြွများ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မဒေါက်မြို့နှင့် ရွှေကျင်မြို့ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများနှင့်ငွေများ လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် ပဲခူးခရိုင် ညောင်လေးပင်မြို့နယ်ရှိ ရေကြီးနစ်မြုပ်ခဲ့ပြီး ရေကျပြန်ပေါ်လာသော လယ်မြေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ထိခိုက်ဆုံးရှုံးမှုရှိသောလယ်မြေများ၌ လှူဒါန်းထားသော မျိုးစပါးများဖြင့် အစားထိုး အမြန်ပြန်လည်စိုက်ပျိုးကြရန် မှာကြားသည်။

မှာကြား

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တိုင် (၁၀၀) ဘုန်းတော်ကြီးကျောင်း၌ကျင်းပသော ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်၍ ရေများပြန်ကျပြီဖြစ်၍ မိမိတို့အိမ်များတွင် သန့်ရှင်းရေးပြုလုပ်ကြရန်၊ ကျန်းမာရေးကို အထူးဂရုပြုကြရန်၊ မိမိယာယီနေထိုင်သွားသော နေရာဒေသများတွင် သန့်ရှင်းရေးပြန်လည်ပြုလုပ်ပေးသွားရန်၊ မိမိနေရာဒေသအတွင်းရှိ မြစ်ချောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် ဆောင်ရွက်သွားကြရန် တို့ကို မှာကြားပြီး **(အပေါ်ယာပုံ)** ညောင်လေးပင်မြို့နယ် အုပ်ချုပ်ရေးမှူးထံ မဒေါက်မြို့ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၁၈ စု၊ လူဦးရေ ၆၇၂ ဦးအတွက် ဆန်အိတ် ၄၈ အိတ်၊ ဆီ ၂၂ ပိဿာ၊ ကြက်သွန်နီ ပိဿာ ၅၀၊ ကုလားပဲ ပိဿာ ၅၀၊ စောင်ကိုးထည်၊ ကျား/မ လုံချည် အထည် ၁၈၀၊ ဒန်အိုး အလုံး ၉၀၊ ဇလုံ အလုံး ၉၀၊ မျက်နှာသုတ်ပဝါ ၉၀ နှင့် ငွေကျပ် ၁၁၈၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေကျင်မြို့ရှိ ရွှေတောင်ဦး ငါးထပ်ကြီးဘုရားတန်ဆောင်း၌ကျင်းပသော ရေဘေးသင့် ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်ပြီး ရွှေကျင်မြို့နယ် အုပ်ချုပ်ရေးမှူးထံ ရွှေကျင်မြို့နယ် အိမ်ထောင်စု ၃၀၄ စု၊ လူဦးရေ ၁၅၉၅ ဦးအတွက် ဆန်အိတ် ၁၁၇ အိတ်၊ ဆီ ၇၆ ပိဿာ၊ ကြက်သွန် ၁၅၂ ပိဿာ၊ ကုလားပဲ ၁၅၂ ပိဿာ၊ စောင် ၃၀၄ ထည်၊ လုံချည် ၃၀၄ ထည်၊ ဒန်အိုး ၃၀၄ လုံး၊ မျက်နှာသုတ်ပဝါ ၃၀၄ ထည် နှင့် ငွေကျပ် ၃၀၄၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ်၌ ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

မွန်ပြည်နယ်၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လှူဒါန်း

ယင်းနောက် အလှူငွေနှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ Myanmar Lighting Co., Ltd. ကိုယ်စား အမှတ်(၁) အခြေခံပညာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်နိုင်ထွန်းက ထီး၊ အင်္ကျီ၊ ကျောပိုးအိတ် ၂၀၃ စုံကို လည်းကောင်း၊ မိုးကျော်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် (မွန်/တနင်္သာရီ)မှ ဦးလှမိုးက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းကျော်ဝေက ဦးထုပ် ၂၀၃ လုံးနှင့် ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ မော်လမြိုင်နှင့် ကျိုက်ထိုမြို့နယ် အုပ်ချုပ်ရေးမှူးတို့က စေတနာရှင် ရပ်မိရပ်ဖများ လှူဒါန်းသည့် ငွေကျပ် ၇၃၆၂၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံသည်။

ဆက်လက်၍ လက်ထောက်ပြည်နယ်ပညာရေးမှူး ဦးစံငွေက မွန်ပြည်နယ် ပညာရေးမိသားစုက လှူဒါန်းသည့် ငွေကျပ် ငါးသိန်းနှင့် ကျောင်းသုံး စာရေးကိရိယာများကို လည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့များက ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာလှဦးက လက်ခံသည်။

ဆောင်ရွက်

ထို့နောက် မော်လမြိုင်နှင့် ကျိုက်ထိုမြို့နယ် အုပ်ချုပ်ရေးမှူးများအား တာဝန်ပေးခန့်အပ်လွှာများ ပေးအပ်ခြင်း၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး ခုနစ်ဦးတို့အား တာဝန်ပေးခန့်အပ်လွှာများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ကျောင်းပြင်ပမူလတန်းပညာရေး(NFPE) သင်တန်း ပထမအဆင့် သင်တန်းနှင့် ဒုတိယအဆင့် သင်တန်းတို့တွင် ထူးချွန်သော ကျောင်းသား တစ်ဦးစီတို့အားလည်းကောင်း၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဗဟိုအဆင့် အကောင်းဆုံးအခြေစိုက်စခန်းကျောင်းအုပ်ဆုရ ကျိုက်ထိုမြို့နယ်မှ မူလွန်-နဝရတ် ကျောင်းအုပ်ကြီး ဒေါ်မိမိခိုင်အားလည်းကောင်း အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းကျော်ဝေက ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေသဖွံ့ဖြိုးရေး အလွှကပ္ပ-ရွှေယင်းမာ မြေသားလမ်းခင်း

မြင်းမူ ဩဂုတ် ၁၈

မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွှကပ္ပ-ရွှေယင်းမာလမ်း မြေသားလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သဖြင့် ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှု အဆင်ပြေလွယ်ကူလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၈-၂၀၁၁

နေပြည်တော်(ပျဉ်းမနား)
၂ ဒသမ ၁၃ လက်မ
နေပြည်တော်(လေဆိပ်)
၁ ဒသမ ၆၂ လက်မ
ပူတာအိုမြို့
၇ ဒသမ ၃၇ လက်မ
ထားဝယ်မြို့
၃ ဒသမ ၁၅ လက်မ
ကျိုက္ခမီမြို့
၂ ဒသမ ၉၅ လက်မ

ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအား အစုအဖွဲ့များ စုဖွဲ့ ငွေထုတ်ချေးမည့်အစီအစဉ် ကွင်းဆင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၈

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း ဦးဆောင်သည့် သမဝါယမဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့များသည် ဩဂုတ် ၁၇ ရက်တွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ကျေးရွာများသို့ သွားရောက်၍ အနေ့ယာဉ် မောင်းသူများ၊ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များအား အစုအဖွဲ့များစုဖွဲ့၍ သမဝါယမဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဈေးသမဝါယမအသင်း၏ လုပ်ထုံးလုပ်နည်း၊ ငွေထုတ်ချေးမည့်အစီအစဉ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် သမဝါယမနည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများကို ကျေးရွာအုပ်စုတစ်ခုချင်းစီအလိုက် ကွင်းဆင်းစည်းရုံးဆွေးနွေးသည်။ **(ယာပုံ)**

ကွင်းဆင်းသွားရောက်

သမဝါယမဝန်ကြီးဌာနသည် သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှု အဖွဲ့ (၁၀)ဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး နိုင်ငံတစ်ဝန်း သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ကျေးရွာအုပ်စု ၁၃ အုပ်စုနှင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် နေပြည်တော် လယ်ဝေးမြို့နယ်များသို့ ကွင်းဆင်းသွားရောက်ဆောင်ရွက်ကြသည်။

အဖွဲ့(၁)မှ တာဝန်ရှိသူများသည် အောင်ဇေယျ၊ ကျည်တောင်၊ စည်ပင်ကြီး၊ သာယာကုန်း၊ ကျောက်ချက်တို့တွင်နေထိုင်သည့် ကျေးလက်နေပြည်သူများအားလည်းကောင်း၊ အဖွဲ့(၂)မှ တာဝန်ရှိသူများသည် သာစည်၊ ရေဆင်း၊ မအူတော၊ ကျွန်းရောင်း၊ သစ်တပ်တို့တွင် နေထိုင်သည့် ကျေးလက်နေ ပြည်သူများအားလည်းကောင်း၊ အဖွဲ့(၃)မှ တာဝန်ရှိသူများသည် ပြည်စံအောင်၊ နန်းဩ၊ ခေတ်အေးတို့တွင် နေထိုင်သည့် ကျေးလက်နေ ပြည်သူများအားလည်းကောင်း၊ အဖွဲ့(၄)မှ တာဝန်ရှိသူများသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ပင်လယ်ပြာ(ဘူးကွဲ)၊ နေပြည်တော် လယ်ဝေးမြို့နယ် မြို့မ(၄) ဈေးကြီးရှိ ဒေသခံပြည်သူများအားလည်းကောင်း အဖွဲ့များခွဲကာ သွားရောက်တွေ့ဆုံ၍ သမဝါယမ သဘောတရားနှင့် သမဝါယမဝန်ကြီးဌာန၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးပြီး ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဩဂုတ် ၁၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၁၉ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက် ၂ ရက်အတွက်ခန့်မှန်းချက်မှာ အများအားဖြင့် မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဧရာဝတီ၊ သံလွင်၊ ငဝန်နှင့် ဒုဋ္ဌဝတီမြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၁၈

ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၇၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၁ စင်တီမီတာ (၁-ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဇလွန်မြို့တွင် ၁၀၈၅ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၅ စင်တီမီတာ (၀ ဒသမ ၈ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၆၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၇၆ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၆ စင်တီမီတာ (၀ ဒသမ ၈ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ အောက်သို့ ကျဆင်းနိုင်သည်။

ငဝန်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၇၀ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၀ စင်တီမီတာ (၁ ဒသမ ၃ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့အချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၄၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၁၈

၂၀၁၁ခုနှစ် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် ညနေ ၃ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အနိုင်ရရှိ

ဖွင့်ပွဲနေ့ပွဲစဉ်တွင် မြိတ်မြို့နယ် (ခ) အမျိုးသားပိုက်ကျော်ခြင်းအသင်းနှင့် ထားဝယ်မြို့နယ် (က) အမျိုးသားပိုက်ကျော်ခြင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြိတ်မြို့နယ် (ခ)အသင်းမှ နှစ်ပွဲ၊ တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါပြိုင်ပွဲသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ အမျိုးသားအသင်း ၁၆ သင်း၊ အမျိုးသမီးအသင်း လေးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် နောက်ဆုံးလူရွေးချယ် လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် နောက်ဆုံးလူရွေးချယ်ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်

အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားအသင်းများ ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပထမနေ့ပြိုင်ပွဲများအဖြစ် အမျိုးသားသက်ငယ်တန်း(၄၀၊ ၄၂၊ ၄၄၊ ၄၈၊ ၅၂) ကီလိုတန်း ပြိုင်ပွဲများ၊ အမျိုးသမီး (၄၆)ကီလိုတန်းနှင့် အမျိုးသားအလွတ်တန်း(၄၆၊ ၅၆၊ ၆၀)ကီလိုတန်း ပြိုင်ပွဲများ စုစုပေါင်း ပွဲစဉ်ပေါင်း ၂၀ ကျင်းပခဲ့ပြီး ပြိုင်ပွဲများကို ယနေ့မှ ဩဂုတ် ၂၂ ရက်အထိ သိမ်ဖြူအားကစားခန်းမ၌ နေ့စဉ်မွန်းလွဲ ၁ နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့နယ် ပညာရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

မော်လမြိုင်မြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော မြို့နယ်ပညာရေးမှူးဒိုင်း အသက်(၁၃)နှစ်အောက် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် မော်လမြိုင်မြို့ရှိ ရာမည အားကစားကွင်း၌ ကျင်းပရာ ရွှေနတ်တောင် အခြေခံပညာအထက်တန်းကျောင်းအသင်းက အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးအောင်စိုးမြင့်နှင့် တာဝန်ရှိသူများက ပထမဆုရအသင်း **(အပေါ်ပုံ)**နှင့် ဒုတိယဆုရအသင်းတို့အား ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များဆက်

နေပြည်တော် ဩဂုတ် ၁၈

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံးထွက်ပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီခွဲတွင် အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ ဆက်လက်ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သတ္တုတွင်းဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဩဂုတ် ၂၂ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းတို့ ပထမအကြိုဗိုလ်လုပွဲအဖြစ် အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရီးရှည်မြင်းစီး အားကစားပြိုင်ပွဲအတွက် မြင်းများစိစစ်ရွေးချယ်

ရန်ကုန် ဩဂုတ် ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲ (Endurance)အတွက် မြင်းများ ပဏာမ စိစစ်မှုရွေးချယ်ပြိုင်ပွဲများကို ဩဂုတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ ထီးပုရွာရှိ Mo Riding Club ၌ ကျင်းပရာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှ မြင်းစီးအားကစားအဖွဲ့ချုပ်တို့၏ ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်နှင့် အမှုဆောင်များ၊ Mo Riding Club မှ ဦးသန့်ဇင်မိုးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် မြင်းစီးအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများတွင် မြင်းစီးအားကစားသမား ခြောက်ဦးသည် မြင်း ၁၂ ကောင်ကို စီးကြပြီး စိန်သစ္စာ၊ စိန်မေအောင်၊ စိန်ဝင်းမောင်၊ စိန်နှင်းဆီ၊ စိန်ဘုရင်မ၊ စိန်မြတ်မြတ်၊ စိန်ရတီ၊ စိန်ရွှေမိုးနှင့် စိန်ဆင့်မောင်မြင်းများကို အရည်အချင်းပြည့်မီသော မြင်းများအဖြစ် စိစစ်ရွေးချယ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ

အဆိုတော် တေလာဆွစ်နှင့် ဆီလီနာဂိုမက်ဇ် Teen Choice ဆုများ ဆွတ်ခူးခဲ့ကြ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၈

*ကမ္ဘာကျော်အဆိုတော်များဖြစ်ကြတဲ့ တေလာဆွစ် **(Taylor Swift)** နဲ့ ဆီလီနာဂိုမက်ဇ် **(Selena Gomez)** တို့ဟာ ယခုနှစ်အတွက် အကောင်းဆုံး **Teen Choice** ဆုတွေ တသီတပိုးကြီး ရယူနိုင်ခဲ့ကြပါတယ်။*

*ဒီဆုကို အမေရိကန် **Fox** ချန်နယ်ရုပ်သံလိုင်းက နှစ်စဉ် ချီးမြှင့်တာဖြစ်ပါတယ်။ ဒီနှစ်ချီးမြှင့်တဲ့ **Teen Choice** ဆုဟာ (၁၃)ကြိမ်မြောက်ပါ။ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ ဂီတ၊ အားကစားနဲ့ဖက်ရှင်တွေမှာ တစ်နှစ်တာအတွင်း ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်နိုင်ကြတဲ့ ဆယ်ကျော်သက်ဂီတပညာရှင်တွေကို ပေးအပ်တဲ့ဆုဖြစ်ပါတယ်။*

ဆန္ဒပြုရွေးချယ်

ဆုရွေးချယ်တဲ့စနစ်ကတော့ ကမ္ဘာတစ်ဝန်းက ဂီတကိုချစ်မြတ်နိုးကြတဲ့ အသက် ၁၃ နှစ်အရွယ်မှ ၁၉ နှစ်အရွယ်ရှိ ပရိသတ်တွေက အွန်လိုင်းမှတစ်ဆင့် ဆန္ဒပြုရွေးချယ်ပေးကြတာပါ။ ဒီနှစ်မှာတော့ ကမ္ဘာတစ်ဝန်းက အနုပညာချစ်မြတ်နိုးကြတဲ့ပရိသတ်တွေက ဆန္ဒပြုရွေးချယ်ပေးတာ စုစုပေါင်း ၁၀ သန်းကျော်ရှိတယ်လို့ သိရပါတယ်။

ဆယ်ကျော်သက်အဆိုတော်တွေဖြစ်ကြတဲ့ တေလာဆွစ်နဲ့ ဆီလီနာဂိုမက်ဇ်တို့ဟာမကြာမီက လော့စ်အိန်ဂျလိစ်မြို့မှာ ဒီဆုတွေကို လက်ခံရရှိခဲ့ကြပါတယ်။ အသက် ၂၁ နှစ်အရွယ်ရှိ တေးရေး၊ တေးဆို ဂီတပညာရှင်သရုပ်ဆောင် ဖြစ်တဲ့ အဆိုတော် တေလာဆွစ်ဟာ ဂစ်ဆင်အမ်ထရီအေးချားမှာ ကျင်းပတဲ့ ရေလွှာလျှောစီးပြိုင်ပွဲမှရတဲ့ ရေလွှာလျှောစီးဆုဖလားအပါအဝင် ဆုခြောက်ဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။



အဆိုတော် ဆီလီနာဂိုမက်ဇ်

အဆိုတော် တေလာဆွစ်

*သူမဟာ ဂီတနယ်ပယ်မှာ ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်နိုင်တဲ့အတွက် **A Special honor dubbed the Ultimate Choice** ဆု၊ အမျိုးသမီးအနုပညာရှင်ဆု၊ အမျိုးသမီးကျေးလက်အဆိုတော်ဆု၊ **"Mean"** သီချင်းနဲ့ ကျေးလက်သီချင်းဆု၊ **Red Carpet** ဖက်ရှင်ဆုများ ရရှိခဲ့ပါတယ်။*

ဆွတ်ခူးနိုင်ခဲ့

*အသက် ၁၉ နှစ်အရွယ်ရှိ အမေရိကန် အဆိုတော်ရုပ်ရှင်သရုပ်ဆောင် ဆီလီနာဂိုမက်ဇ်ကတော့ ဒီနှစ်မှာ ဆုငါးဆုဆွတ်ခူးနိုင်ခဲ့ပါတယ်။ သူမဟာ အမျိုးသမီးဆယ်ကျော်သက်များတွင် ရေပန်းအစားဆုံးဆု၊ **Wizards of Waverly Place** ရုပ်သံဇာတ်လမ်းတွဲမှာ အကောင်းဆုံး သရုပ်ဆောင်နိုင်တဲ့အတွက် အကောင်းဆုံး တီဗွီရုပ်သံဆု၊ သူမရဲ့ တီးဝိုင်းဖြစ်တဲ့ **Selena Gomez & The Scene** နဲ့အတူ အကောင်းဆုံးဂီတအဖွဲ့လိုက်ဆု၊ **"Love You Like a Love Song"** နဲ့ အကောင်းဆုံး အချစ်သီချင်းဆုနဲ့ **"Who Says"** တေးအယ်လ်ဘမ်နဲ့ တစ်ကိုယ်တော် တေးအယ်လ်ဘမ်ဆုတွေ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဆီလီနာဂိုမက်ဇ်ရဲ့ချစ်သူဖြစ်တဲ့ အသက် ၁၇ နှစ်အရွယ် ကနေဒါ အဆိုတော် ဂျပ်စတင်းဘီဘာကတော့ အမျိုးသားဂီတပညာရှင်ဆု၊ အမျိုးသားတေးဂီတတွင် အကျော်ကြားဆုံးဆုနဲ့ အွန်လိုင်းမှ အအောင်မြင်ဆုံး အဆိုတော်ဆုတွေ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ။*

ကိုးကား-အင်တာနက်

ပေါ့ပ်ဂီတသမိုင်းတွင် အောင်မြင်ကျော်ကြားလာသည့် အဆိုတော် ဆလိုင်းဒီယွန်

မြင့်မောင်စိုး - ရေးသားသည်

ကွင်းဘက်(ကနေဒါ) ဩဂုတ် ၁၈

*ပေါ့ပ်ဂီတလောကတွင် အောင်မြင်ကျော်ကြားလာသည့် အမျိုးသမီး အဆိုတော်တစ်ဦးကို ပြောပါဆိုရင် ကနေဒါအဆိုတော် ဆလိုင်းဒီယွန် (Celine Dion)**(အောက်ပုံ)**ကို ညွှန်းဆိုရမှာ ဖြစ်ပါတယ်။ သူမဟာ ကနေဒါတေးသံသွင်း ဂီတပညာရှင်ဖြစ်သလို စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ သူမကို ကနေဒါနိုင်ငံ ကွင်းဘက်ပြည်နယ် ချာလီမက်နီမြို့မှာ မွေးဖွားခဲ့တာပါ။ သူမရဲ့ အသက်က ၄၃ နှစ်ပါ။ ဒီယွန်ဟာ ဆယ်ကျော်သက်အရွယ်ကပင် ပြင်သစ်ဘာသာနဲ့ တေးအယ်လ်ဘမ်တွေထွက်ခဲ့ပြီး ကမ္ဘာကျော်ပေါ့ပ်အဆိုတော်ဖြစ်လာသူ ဖြစ်ပါတယ်။*

သူမဟာ တေးအယ်လ်ဘမ်ထုတ်လောက်အောင် ချမ်းသာကြွယ်ဝတဲ့အသိုင်းအဝိုင်းက ပေါက်ဖွားလာသူတစ်ယောက်တော့ မဟုတ်ပါဘူး။ ဝါသနာနဲ့ ဂီတပညာကို အခြေခံပြီးအောင်မြင်တဲ့ အဆိုတော်တစ်ယောက်ဖြစ်ဖို့ ရုန်းကန်ကြိုးစားခဲ့ရသူဖြစ်ပါတယ်။ သူမနဲ့သူမရဲ့ခင်ပွန်းဖြစ်လာမယ့် ရင်း(န်)အိန်ဂျေလီ (Rene Angelil) တို့ဟာ အိမ်ကိုအပေါင်ထားပြီး ပထမဆုံးတေးအယ်လ်ဘမ်ဖြစ်တဲ့ Unison ကို ၁၉၉၀ ပြည့်နှစ်မှာ ထုတ်ခဲ့ကြတာပါ။ ဒီတေးအယ်လ်ဘမ်ဟာ အင်္ဂလိပ်ဘာသာနဲ့ သီဆိုတဲ့ ပထမဆုံး အယ်လ်ဘမ်ဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်ကြောင့် ပေါ့ပ်သီချင်းတွေဟာ ကမ္ဘာတစ်ဝန်းသို့ပျံ့နှံ့သွားခဲ့ပြီး ဆလိုင်းဒီယွန်ကိုလည်း လူသိများစေခဲ့ပါတယ်။ အထူးသဖြင့် တိုင်တန်းနစ်ရုပ်ရှင်ကား ဇာတ်ဝင်တေးကြောင့် ပိုပြီးလူသိများစေခဲ့ပါတယ်။

ဆက်တိုက်ထွက်ရှိ

ဒီယွန်ဟာ ၁၉၈၂ ခုနှစ်က Yamaha World သီချင်းပွဲတော် သီချင်းပြိုင်ပွဲနဲ့ ၁၉၈၈ ယူရိုဗစ်ရှင်း သီချင်းပြိုင်ပွဲတွေမှာ ဆုတွေရခဲ့ပြီးတဲ့နောက် နိုင်ငံတကာက အသိအမှတ်ပြုရတဲ့ အဆိုတော်ဖြစ်ခဲ့တာပါ။ သူမဟာ ၁၉၈၀ ပြည့်လွန်နှစ် အစောပိုင်းမှာ ပြင်သစ်ဘာသာနဲ့တေးအယ်လ်ဘမ်တွေ ဆက်တိုက်ထွက်ခဲ့ပါတယ်။

၁၉၉၀ ပြည့်လွန်နှစ်များမှာတော့ ပြင်သစ်ဘာသာနဲ့ထွက်တဲ့ တေးအယ်လ်ဘမ်တွေအပြင် အင်္ဂလိပ်ဘာသာနဲ့ ထုတ်တဲ့ တေးအယ်လ်ဘမ်တွေ ဆက်တိုက်ထွက်ရှိခဲ့ပါတယ်။ ထို့နောက်မှာတော့ အမျိုးသမီးပေါ့ပ် အဆိုတော်သမိုင်းမှာ တဖြည်းဖြည်း အောင်မြင်ကျော်ကြားလာခဲ့တာ ဖြစ်ပါတယ်။



ဆလိုင်းဒီယွန်ဟာ ပေါ့ပ်သီချင်းများသာမက ရော့(ခ်)၊ R&B၊ Classical၊ ပေါ့ပ်ရော့ခ်၊ ဆော့(ဖ်)ရော့ခ်သီချင်းတွေကိုလည်း သီဆိုခဲ့သူဖြစ်ပါတယ်။ ဆိုနီတေးထုတ်လုပ်ရေးရဲ့အဆိုအရ သူမဟာကမ္ဘာတစ်ဝန်း တေးအယ်လ်ဘမ်ပေါင်းသန်း ၂၀၀ ကျော်ရောင်းချခဲ့ရပြီးဖြစ်တဲ့ အဆိုတော်ဖြစ်တယ်လို့ဆိုပါတယ်။ ။

ကိုးကား-အင်တာနက်

နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကမ္ဘာ့ဆရာများနေ့ ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၁၈

၂၀၁၁ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်မည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၆ ရက် မွန်းတည့် ၁၂ နာရီက ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ တက်ရောက်အမှာစကား ပြောကြားပြီး ဦးစီးကော်မတီအတွင်းရေးမှူး မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်နှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများက လုပ်ငန်းအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ၂၀၁၁ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ၂၀၁၁ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီအတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများက လုပ်ငန်းအလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိုကလေးမြို့နယ်၌ သစ်မာစိုက်ခင်းစိုက်ပျိုး

ဘိုကလေး ဩဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့်မြို့နယ်သစ်တောဦးစီးဌာနတို့ ကြီးကြပ်စီစဉ်မှုဖြင့် ၂၀၁၁ခုနှစ် မိုးရာသီ တစ်ရွာတစ်ဧက သစ်မာစိုက်ခင်း စိုက်ပျိုးပွဲကို ဩဂုတ် ၇ ရက် နံနက် ၈ နာရီက ဘိုကလေးမြို့နယ် မလော့ကျေးရွာအုပ်စု မြစ်တန်းကျေးရွာ၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးထင်ကျော်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကံထွန်းနှင့် သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများကသစ်မာစာရင်းဝင် ယူကလစ်ပျိုးပင်ပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ဝ၆၅)

ကျောင်းသားလူငယ်များအတွင်း မူးယစ်ဆေးဝါးအန္တရာယ် ဝင်ရောက်မှု မရှိစေရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၁ ရက်က ဒေါပုံမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ထွဋ် ဟောပြောစဉ်။ (ဝ၅၁)

ပေးအပ်

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပခဲ့သော မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြယ်သသုံးရာသီအလှ ဝတ်စားဆင်ယင်မှုပြပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင်ကိုယ်စားပြုဆံကေသာအလှ သရုပ်ပြခဲ့သူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက ဂုဏ်ပြုလက်ဆောင်များပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ကွယ်လွန်သူ ဦးကောင်လေး၊ဒေါ်ကြိုင်တို့အား ရည်စူး၍ အမှတ်(၃) ဗိုလ်ချုပ်လမ်း ညောင်လေးပင်မြို့နေ ဒေါ်သန်းသန်းမိသားစုက မုဒိုဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းကို အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်အိအိစံထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ဩဂုတ် ၁၅ ရက်က အထက (၄) တာမွေ မြတ်ပန်းသဇင်ခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲ ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းစံအောင် ဟောပြောစဉ်။ (ပညာရေး)



ပထဝီဝင် သတင်းအချက်အလက်ဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၈

ဆော့ဖ်ဝဲအသုံးပြု ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ် (Geographic Information Systems - GIS) သင်တန်းကို ဩဂုတ် ၂၇၊ ၂၈၊ စက်တင်ဘာ ၃၊ ၄၊ ၁၀ နှင့် ၁၁ ရက် (စနေ၊ တနင်္ဂနွေနေ့)များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e-Learning Center အဆောင် (၁) အခန်း (၄) ၌ ရက်သတ္တသုံးပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ရာ သင်တန်းတက်ရောက်ခြင်းဖြင့် (Geographic Information Systems - GIS) နည်းပညာ အခြေခံများ သိရှိနားလည်ပြီး Arc GIS Softwareကို စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်၍ သတင်းအချက်အလက် ပြည့်စုံသော ကွန်ပျူတာအသုံးပြုမြေပုံ (Digital Map) များကို ထုတ်ယူရရှိနိုင်မည်ဖြစ်သည့်အပြင် စက္ကူမြေပုံ (Paper Map) များမှတစ်ဆင့် ကွန်ပျူတာအသုံးပြု မြေပုံ (Digital Map) များအဖြစ်သို့လည်း ပြောင်းလဲနိုင်ကာ မြေပုံပေါ်ရှိ မြေမျက်နှာသွင်ပြင်များ၏ Database များကို တည်ဆောက်သိမ်းဆည်း ချိတ်ဆက်ပေးထားနိုင်မည် ဖြစ်သည်။

အစိုးရဌာနများမှ ဝန်ထမ်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ ဝါသနာရှင်အသင်းတို့မှ အသင်းဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများအတွက် သင်တန်းကြေးကို ၂၀ ရာခိုင်နှုန်းလျှော့၍လက်ခံမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို Myanmar Credent Technology အဆောင်(၁) အခန်း(၇) မြန်မာအင်ဖိုတက်ခ် ဖုန်း-၆၅ ၂၂၈၅၊ ၆၅၂၂၈၆ မသီတာထွန်းအောင်ထံသို့ သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဩဂုတ် ၂၆ ရက်နောက်ဆုံးထားပြီး ဆက်သွယ်မေးမြန်း မှတ်ပုံတင်ကြရန်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တိုက်ကြီးမြို့နယ်၏ ကျောင်းကျန်းမာရေး စံပြကျောင်းဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက်က အထက တိုက်ကြီး အနော်ရထာခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဦးကျော်ဇင်ပြုံး၊ မြို့နယ်ပညာရေးမှူး ဦးဝေမြင့်တို့က အမှာစကားပြောကြားကြပြီးနောက် ဆုရကျောင်းများမှ ကျောင်းအုပ်ကြီးများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြစဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြား

၁၉-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅ ၃။ နိုင်ငံတော်သီချင်း
၇း၁၀ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာ့ရှုခင်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂ ၃။ နိုင်ငံတော်သီချင်း
၄း၀၃ ၄။ အဖွင့်သီချင်း
၄း၀၅ ၅။ မျိုးချစ်တပ်မတော်
၄း၁၀ ၆။ မဟာဂီတချိုကြည်မြ
၄း၂၀ ၇။ မြန်မာစာ မြန်မာစကား (အပိုင်း -၁၀)
၄း၃၀ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀ ၁၀။ အိုင်စီတီသုတ
၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၂။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း -၂၄)
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၅။ **"ရွာ"** ဟာသဇာတ်လမ်းတွဲ (အပိုင်း -၁၁၁)
-ဆတ္တာ
ချစ်ဖွယ်၊ ငွေမိုးနှင့် သရုပ်ဆောင်များ
၆း၄၅ ၁၆။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း -၅၃)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဒို့တာဝန်အရေး(၃)ပါး
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၄။ စိုက်ပျိုးသုတ
၂၅။ သံစဉ်များနှင့်ကမ္ဘာ
၂၆။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်း ကဏ္ဍ
၂၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း -၃၂)
၂၉။ ကမ္ဘာတစ်ခွင်ခရီးစဉ်

ပေါက်မြို့၌ ရေစင်တည်ဆောက်

ပေါက် ဩဂုတ် ၁၈

ပေါက်မြို့နယ် စည်ပင်သာယာဈေးအနီး အမှတ်(၅) ရေစက်ရုံ၌ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဆန်းဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လင်းတို့ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းပြီးစီးမှုကို ဩဂုတ် ၈ ရက်က မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ပျံ့ကျဈေးသည်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

သာကေတမြို့နယ် ၁/အနော်မာရပ်ကွက် ရွှေမေတ္တာ အတွင်းအပြင် လမ်းမပေါ်၌ ပျံ့ကျဈေးသည်များ အသားငါးများ ရောင်းချပြီး အနံ့ဆိုးအပုပ်ရည်များ စည်းကမ်းမဲ့ စွန့်ပစ်နေကြသောကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ လမ်းသားများ

ဝက်ခြံမှအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅) ကျောက်တောင်ရပ်ကွက် ဘောဂလမ်းသွယ်အတွင်းရှိ အိမ်တစ်အိမ်တွင် ဝက်များမွေးမြူလျက်ရှိရာ ဝက်မှ ထွက်သည့် အညစ်အကြေးနှင့် အနံ့ဆိုးများ၊ ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရသည့်အပြင် ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ၊ ရပ်ကွက်သားများ

ကုန်သည်လမ်းမကြီး ပြုပြင်ပြီးဖြစ်

၂-၈-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ရှိ ကုန်သည်လမ်းမကြီးသည် ချိုင့်ခွက်များဖြစ်နေပြီး မိုးရွာလျှင် ရေအိုင်ကြီးများ ဖြစ်နေသောကြောင့် သွားလာရန် အခက်အခဲဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ပြုပြင်ဆောင်ရွက်ပေးပါရန်** ပေးစာနှင့်ပတ်သက်၍ ပြုပြင်ပြီးစီးပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ထာဝရငြိမ်းချမ်းမှုရရှိစေရန် အစဉ်ကြိုးပမ်းလျက်ရှိ နိုင်ငံတော်အစိုးရအနေနှင့် သဘောထားကြီးစွာဖြင့် ထာဝရငြိမ်းချမ်းရေးဆွေးနွေးတည်ဆောက်နိုင်

နေပြည်တော် ဩဂုတ် ၁၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ၂၀၁၁ခုနှစ် ဩဂုတ်လ ၅ ရက် ရက်စွဲဖြင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးကိစ္စခေါင်းစဉ်ပါ တင်ပြစာတစ်စောင်အား ပေးပို့ခဲ့ကြောင်း သိရှိရသည်။ အဆိုပါတင်ပြစာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည် -

၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ကချင်မျိုးနွယ်စု၊ လီဆူတိုင်းရင်းသားများ၏ ဆန္ဒသဘောထားအား တင်ပြအပ်ပါသည်။

၂။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ထာဝရငြိမ်းချမ်းမှုရရှိစေရန် အစဉ်ကြိုးပမ်းလျက်ရှိပြီး ငြိမ်းချမ်းရေးအဖွဲ့အစည်းအသီးသီးနှင့် ယာယီငြိမ်းချမ်းရေးရယူခဲ့ပါသည်။ ကချင်ပြည်နယ်ရှိ ကချင်အထူးဒေသ(၂) ခေါင်းဆောင်များနှင့်လည်း (၁၉၉၄)ခုနှစ်တွင် ငြိမ်းချမ်းရေးယာယီရယူပြီး ကချင်ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ရာ ကချင်ပြည်နယ်သည် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများနှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုရရှိခဲ့ပါသည်။ ကချင်ပြည်နယ်သူ/သားများသည်လည်း ဖွံ့ဖြိုးတိုးတက်နေပြီး အေးချမ်းစွာနေရသောဘဝတွင် အလွန်ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။

၃။ သို့သော် ယခုအခါ ငြိမ်းချမ်းရေးမငြိမ်မသက်ဖြစ်လာရကာ ပြည်နယ်အတွင်း သွားလာရေးမှာလည်း အေးချမ်းမှုမရှိဖြစ်လာသည်သာမက ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ရပ်တန့်ရမည့်အနေအထားရောက်ပါသဖြင့် အခြားသောဒေသများနောက်သို့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်သွားပါသည်။ ဤအဖြစ်အား ပြည်နယ်သူ/သားများ မလိုလားပါ ဖွံ့ဖြိုးတိုးတက်မှု ငြိမ်းချမ်းရေးကိုသာ လိုလားပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေနှင့် သဘောထားကြီးစွာဖြင့် ကချင်အထူးဒေသ(၂) ခေါင်းဆောင်များနှင့် ထာဝရငြိမ်းချမ်းရေး ဆွေးနွေးတည်ဆောက်နိုင်ရန် လီဆူတိုင်းရင်းသားများ လိုလားပါသည်။ ဤကဲ့သို့ ထာဝရငြိမ်းချမ်းရေးရရန် နိုင်ငံတော်အစိုးရအနေနှင့် ကချင်အထူးဒေသ(၂) ခေါင်းဆောင်များ သဘောတူညီမှုရရှိရန် အစဉ်အမြဲ ဆုတောင်းမေတ္တာပို့လျက်ရှိပါကြောင်း လီဆူတိုင်းရင်းသားများ၏ သဘောထားအား တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ	ဒုဥက္ကဋ္ဌ	အတွင်းရေးမှူး
မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ	မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ	မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ

(သတင်းစဉ်)

တပ်မတော်(ရေ)မှ စစ်ရေယာဉ်(၁)စင်းက စက်ပျက်သီရိလင်္ကာငါးဖမ်းရေယာဉ်(၁)စင်းအား ရှာဖွေကယ်ဆယ်ခဲ့

တပ်မတော်(ရေ) စစ်ရေယာဉ်က ရှာဖွေကယ်ဆယ်ခဲ့သည့် သီရိလင်္ကာနိုင်ငံ စက်ပျက်ငါးဖမ်းရေယာဉ်မှ ရေလုပ်သား ခြောက်ဦးအား သံတွဲမြို့ သမြဲချိုင်ဆိပ်ကမ်း၌ နယ်မြေခံရေတပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာများက တွေ့ဆုံအားပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၈

သီရိလင်္ကာနိုင်ငံမှ PIYUMI DUWA အမည်ရှိ ငါးဖမ်းရေယာဉ် တစ်စင်းသည် ရေလုပ်သား ခြောက်ဦးနှင့်အတူ ဇူလိုင် ၁၈ ရက်တွင် BERUWELA မြို့ဆိပ်ကမ်းမှ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်လာစဉ် ဩဂုတ် ၃ ရက်မှစတင်၍ အဆက်အသွယ် ပြတ်တောက် ပျောက်ဆုံးနေခဲ့ကြောင်း သီရိလင်္ကာသံရုံးမှ သတင်းပေးပို့ခဲ့ရာ ရေပြင်ပိုင်းဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ညှိနှိုင်းကွပ်ကဲမှုဌာနချုပ် (MRCC) တာဝန်ထမ်းဆောင်လျက်ရှိသော ဧရာဝတီရေတပ်စခန်းဌာနချုပ်သည် မြန်မာ့ရေပြင်တွင် အဆိုပါရေယာဉ် ***စာမျက်နှာ ၃ ကော်လံ ၁*** ❑

[illegible]

နေပြည်တော် ဩဂုတ် ၁၈

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ရန်ကြီးအောင်

မြန်မာနိုင်ငံတွင် တိရစ္ဆာန်များကို ထိန်းသိမ်းမွေးမြူပြသလျက်ရှိသော တိရစ္ဆာန်ဥယျာဉ် သုံးခုရှိသည်။ နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ ရန်ကုန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)နှင့် မန္တလေးမြို့ရှိ ရတနာပုံတိရစ္ဆာန်ဥယျာဉ်တို့ ဖြစ်သည်။ ထို့အပြင် တိရစ္ဆာန်များကို သဘာဝအတိုင်း ကျင်လည် ကျက်စားနေထိုင်နိုင်ရန် ဖန်တီးတည်ဆောက်ပေးထားသည့် ဆာဖာရီဥယျာဉ်ကြီးမှာလည်း နေပြည်တော်တွင်ရှိသည်။ ယင်းဥယျာဉ်များကို သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအောက်ရှိ တိရစ္ဆာန်ဥယျာဉ်များဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဆာဖာရီဥယျာဉ်နှင့်တိရစ္ဆာန်ဥယျာဉ်များတွင် မွေးမြူပြသနိုင်ရန်အတွက် တောင်အာဖရိကနိုင်ငံမှ မှာယူထားသော တိရစ္ဆာန်များ မကြာမီက ရောက်ရှိလာကြောင်း သတင်းစကားကြားသိရသည်။ သို့ဖြစ်ရာ တိရစ္ဆာန်များ ရောက်ရှိမှု အခြေအနေကို သိရှိနိုင်ရန် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ သွားရောက်၍ မေးမြန်းလေ့လာခဲ့သည်။

တွေ့ရှိရ

အဆိုပါ တိရစ္ဆာန်ဥယျာဉ်ရှိ ဧည့်ခန်းမ၌ တိရစ္ဆာန်ဥယျာဉ်များဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းနှင့်အဖွဲ့ကို အခန့်သင့် တွေ့ဆုံခွင့်ရရှိခဲ့သည်။ ၎င်းတို့နှင့်အတူ နိုင်ငံခြားသား တစ်ဦးကိုလည်း တွေ့ရှိရသည်။ တောင်အာဖရိကနိုင်ငံမှ တိရစ္ဆာန်တင်သွင်းသူ Mr.Mike Bester ဖြစ်ကြောင်း သိရှိရသည်။ ***စာမျက်နှာ ၅ ကော်လံ ၁*** ❖

မျိုးစိတ်သစ် ဖြစ်သည့် ခြင်္သေ့ဖြူ ကြီးများကို ဤသို့ တွေ့ရသည်။

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ဘာစီလိုနာတို့ စပိန်စူပါဖလားဆွတ်ခူး

မက်ဒရစ် ဩဂုတ် ၁၈

စပိန်စူပါဖလား ဗိုလ်လုပွဲအဖြစ် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့ ဩဂုတ် ၁၈ ရက်က ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး စပိန်စူပါဖလားကို ကိုင်မြှောက်အောင်ပွဲခံခဲ့ပြီဖြစ်သည်။ ***(ယာပုံ)***

ဦးဆောင်နိုင်ခဲ့

ဘာစီလိုနာတို့က ပွဲအစ ၁၅ မိနစ်မှာပင် အင်နီယေစတာက အဖွင့်ဂိုးသွင်းယူပေးခဲ့ သော်လည်း ရီးရဲမက်ဒရစ်အတွက် စီရိုနယ်ဒိုက ပွဲချိန် မိနစ် ၂၀ ၌ ချေပဂိုးပြန်သွင်းယူခဲ့သည်။ ပထမပိုင်းပွဲချိန်ပြည့်ခါနီး ၄၅ မိနစ်၌ မက်ဆီက ဂိုးသွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆွတ်ခူးအောင်ပွဲခံ

ဒုတိယပိုင်းပွဲချိန် ၈၂ မိနစ်၌ ရီးရဲမက်ဒရစ်အတွက် ဘင်ဇီမာက ချေပဂိုးသွင်းယူပေးခဲ့သည်။ သို့သော် ၈၈ မိနစ်၌ မက်ဆီက ဘာစီလိုနာအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သဖြင့် သုံးဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန် မိနစ် ၉၀ ၌ ဘာစီလိုနာမှ ဒေးဗစ်ဗီလာ၊ ရီးရဲမက်ဒရစ်မှ အိုဇေးလ်နှင့် မာဆီလိုတို့ အနီကတ်ပြ အထုတ်ခံခဲ့ကြရသည်။ ယခုပွဲ၌ ဘာစီလိုနာတို့ အနိုင်ရရှိပြီး စပိန်စူပါဖလားကို (၁၀)ကြိမ်မြောက်ဆွတ်ခူးအောင်ပွဲခံနိုင်ခဲ့သည်။ ***(အင်တာနက်)***

ဆင်ဆင်နတီတင်းနစ်ပြိုင်ပွဲ ဒီဂျိုကိုဗစ် တတိယအဆင့်တက်

ဒီဂျိုကိုဗစ်

ဝါရှင်တန် ဩဂုတ် ၁၈

ဆင်ဆင်နတီဖိတ်ခေါ်ဖလားတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဒုတိယအဆင့်ပြိုင်ပွဲများကို ဩဂုတ် ၁၈ ရက်က ဆက်လက်ကစားရာ ဆားဗီးယားတင်းနစ် ကစားသမား ဒီဂျိုကိုဗစ်က အမေရိကန်မှဟာရစ်ဆင်ကို ၆-၂၊ ၆-၃ ဖြင့်အနိုင်ရရှိပြီး တတိယအဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။ တစ်ဖန် ဗြိတိန်တင်းနစ်ကစားသမား အင်ဒီမာရေးက အာဂျင်တီးနားမှ နာလ်ဆန်ဒီအင်ကို ၆-၄၊ ၆-၁ ဖြင့် အနိုင်ရပြီး တတိယအဆင့် တက်ရောက်ခဲ့သည်။ *(အင်တာနက်)*